


# အပါယ်လွှတ်ကြောင်း တရားကောင်း

## ဝိပဿနာသမ္မာဒိဋ္ဌိ

၁၉

ဟောကြားသည့်နေ့

(၂၉-၂-၆၀)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၃၄)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

0172

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-ဝ၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

စာမူခွင့်ပြုချက် ၂၄/၉၇ (၅)

မိုးကုတ်ယောဂီများအတွက်သာ ထုတ်ဝေပါသည်။

THITSARPARAMI LIBRARY
Date ..........................

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# သမ္မာဒိဋ္ဌိ ၅–မျိုး

## (ဝိပဿနာ သမ္မာ ဒိဋ္ဌိ)

(၂၉-၂-၆၀)

သမ္မာဒိဋ္ဌိ ၅ - မျိုးလို့ ဟောထားတယ် . . . (မှန်ပါ့ဘုရား)၊ အဲဒီ ၅-မျိုးကလဲ မကုန်စင်သေးဘူးဆိုတာ ဒကာဒကာမတွေသိပြီးသား ဖြစ်ပါလိမ့်မယ် . . . ရှေးဦးစွာသမ္မာဒိဋ္ဌိက၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိလို့မှတ်ထားပါနော်. . . ။

နောက်စျာနသမ္မာဒိဋ္ဌိ၊ နောက်ဝိပဿနာ သမ္မာဒိဋ္ဌိ ဘယ်နှစ်မျိုးရှိသွားပြီတုံး . . . (၃-မျိုး ရှိသွားပါပြီဘုရား)၊ ၃-မျိုး ရှိသွားပြီတဲ့။

နောက်ကြာလာတဲ့အခါကျတော့မဂ္ဂသမ္မာဒိဋ္ဌိ၊ နောက်ဖိုလ်သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ ၅ မျိုးအင်္ဂုတ္တိုရ်မှာလာတာ ၅-မျိုးရှိတယ်လို့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှတ်ထားပါ . . . (မှန်ပါ့ဘုရား)။

အဲ့ဒီတော့ ဒီ ၅-မျိုးဟာ သမ္မာဒိဋ္ဌိတော့ သမ္မာဒိဋ္ဌိချည်းပဲ သမ္မာကမှန်ကန်တာ၊ဒိဋ္ဌိက မြင်တာ . . .၊ အမှန်အကန် မြင်တာချည်းပဲ . . .။

## ဉာဏ်အဆင့်ဆင့်ရှိတယ်

အမှန်အကန်မြင်တာချည်းပဲ လို့ဆိုပေမယ့်လဲ အားလုံး ဒကာဒကာမတွေ မှတ်ရမှာက သူ့မှန်တာနဲ့သူ မှတ်ရအုံးမှာ . . . အမှန်စစ် အမှန်တု အမှန်ညံ့ မခွဲရပေဘူးလား . . . (ခွဲရပါတယ်ဘုရား)။မခွဲရင်ဖြစ်ကို မဖြစ်ဘူး. . . (မှန်ပါ့ဘုရား)၊ အဲဒါကြောင့် ဒကာဒကာမတို့ ဒီအခွဲသည်ကား ဆိုလို့ရှိရင်ဖြင့် မခွဲရင်မဖြစ်တဲ့အတွက် ဉာဏ်မှာ အဆင့်ဆင့်ရှိတယ်ဆိုတာ မှတ်ထားရမယ်. . . (မှန်ပါ့ဘုရား)။

## ၁။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ

ကောင်းပြီ၊ ဒါဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိခွါတာက တော့ဒကာဒကာမတို့ ဒုစရိုက် ၁၀ - ပါး လုပ်ရင်မကောင်းကျိုး ပေးတယ်။ သုစရိုက် ၁၀-ပါးလုပ်ရင်ကောင်းကျိုးပေးတယ်၊ ဪ- ဒါဖြင့် ကောင်းကျိုး မကောင်းကျိုးလောက်ပဲ သူသိတယ် . . . (မှန်ပါ့ဘုရား)။

ရုပ်နာမ်ပေါ်မှာဉာဏ်ရောက်ပါရဲ့လား . . . (မရောက်ပါဘုရား)။ ရုပ်နာမ်ပေါ်မှာ ဉာဏ်မရောက်ပါဘူး၊ အဲဒါကြောင့် ဒီလောက်ကလေးနဲ့ရှိပြီး ဒကာဒကာမတွေ သေကြကျေကြမယ်ဆိုရင် လူဖြစ်ကျိုးနပ်ကြမယ်လို့တော့ မအောက်မေ့ပါနဲ့ ဆိုတဲ့ ဥစ္စာကို ဘုန်းကြီးများက ရှေ့တက်စေချင်တဲ့သဘောနဲ့ပြောပါတယ်. . . မပြောထိုက်ဘူးလား . . . (ပြောထိုက်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ရှေ့တက်စေချင်လို့ဆိုတော့သူ့အကျိုးပေး သိလိုက်ရင် ဒကာဒကာမတွေက ရှင်းလင်းသွားတော့မယ် . . .၊ သူ့အကျိုးပေး ဘဝသမ္ပတ္တိ- ဘောဂသမ္ပတ္တိဆိုတော့ ဒါထန်ကုန်ပဲ . . . (ထန်ကုန်ပါဘုရား)။

ဘဝသမ္ပတ္တိ-ဘဝ၏ ပြည့်စုံမှု ဘောဂသမ္ပတ္တိလည်းကောင်း၊ ဘဝမှာ ခံစားစံစားတဲ့၊ အခြွေအရံ ပရိသတ်၊ စည်းစိမ်ဥစ္စာရတနာ ဒါတွေနဲ့ ပြည့်စုံမှုပဲလို့ဆိုသဖြင့် ဩော်- ကမ္မဿကတာဉာဏ်လောက်ဟာ ဘဝသမ္ပတ္တိ၊ ဘောဂ သမ္ပတ္တိလောက်ပဲ သူသည် ထက်မြက်စွာ အကျိုးပေးတာ ထောက်လို့ရှိရင် ဒကာဒကာမတို့သည် တင်းတိမ်နေဖို့ မတော်သေးတဲ့ ဥစ္စာလဲ ရှင်းသွားပြီ၊ တင်းတိမ်ဖို့တော်ပါ့မလား . . . (မတော်ပါဘုရား)။

## ၂။ ဈာနသမ္မာဒိဋ္ဌိ

ကောင်းပြီ၊ ဒါဖြင့် ဒုတိယဈာနသမ္မာဒိဋ္ဌိဆိုတော့ သမထတွေ လုပ်ကြတော့၊ အပ္ပနာဈာန်တွေ ရကြပါတယ်တဲ့၊ သမာဓိတွေတည်ပြီး ဦးဘအုန်းတို့ ရကြတယ်နော် . . . ။

ရပင် ရငြားသော်လည်း ဒီ အပ္ပနာဇောနဲ့ပဲ စုတိစိတ်ကျသွား၊ ရှုပ အရှုပ ဖြဟ္မာ့ပြည်မှတစ်ပါးလဲ ဘယ်မှ သွားစရာလာစရာ သူပို့နိုင်တဲ့စွမ်းရည်သတ္တိမရှိတော့ ဒါကိုလဲ ကျုပ်တို့ခင်ဗျားတို့က တင်းတိမ်ရောင့်ရဲလောက်ပြီ ဆိုလို့လဲ တော်မှာမဟုတ်ဘူး . . . ။

ထိုကဲ့သို့ မတော်သည်ဖြစ်လေသောကြောင့် သမ္မာဒိဋ္ဌိတော့ သမ္မာဒိဋ္ဌိပဲ အမှန်အကန်တော့ မြင်တာပဲ (မြင်ပါတယ်ဘုရား) အမှန်အကန်တော့ မြင်တာပဲလို့ ဒကာ ဒကာမတွေက မှတ်ထားကြ၊ ဟာ-ဒါဖြင့် ဒုတိယ သမ္မာဒိဋ္ဌိလဲ သိပြီးသား အတိုင်းပဲ ဒကာ ဒကာမတို့ ကိုးစားလောက်ပြီ၊ အားထား လောက်ပြီလို့ဦးခင်မောင်တို့ဆိုလို့ရ-မရ. . . (မရပါဘုရား)။ မရသေးတော့ကျုပ်တို့ အကြိုက်ဆုံးဆိုလို့ရှိရင် မရောက်သေးဘူးပေါ့ဗျာ၊ . . . အင်း-ဘာမှ မသိတဲ့ပုဂ္ဂိုလ်နှင့် စာပြန်တော့လဲ သူတို့ဟာ အထက်တန်းလို့ ဆိုရမှာပဲ။

## အဆပေါင်းသိန်းသန်းမကသာပါတယ်

ကောင်းပြီ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ သွားကြပါစို့၊ ဒကာဒကာမတို့၊ ဝိပဿနာ သမ္မာဒိဋ္ဌိကို ပြောရတော့မယ်ဆိုတော့၊ ဪ- သူတို့ ၁-တို့၊ ၂-တို့ထက် အများကြီး အဆပေါင်း သိန်းသန်းမက သာပါတယ်ဆိုတဲ့ဥစ္စာ ဦးဘအုန်းတို့ စဉ်းစားလိုက်ကြတာပေါ့ . . .။

အဘယ့်ကြောင့်သည်ကဲ့သို့ သူ့ကို အသားယူပြီး ပြောရ ပါလိမ့်မတုံးလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေက မေးခဲ့သော် ဟိုဘက်က သာသနာပလဲရှိတဲ့ တရား ၁၊ ၂- က သာသနာပလဲ ရှိတဲ့တရားဖြစ်ပြီး သကာလနေတော့ ကိုးစားလောက်ပြီ၊ အားထားလောက်ပြီဆိုတဲ့ အခြေအနေ မရောက်သေးဘူး ပေါ့ဗျာ . . .။

ဒါဖြင့် ဒကာဒကာမတို့ ၃- နံပါတ်သည်ကား ဆိုလို့ ရှိရင် အရေးကြီးတော့တယ်ဆိုတာ ဦးဝတို့ မှတ်ထိုက်တယ် . . .၊ မမှတ်ထိုက်ဘူးလား. . . (မှတ်ထိုက်ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီကဲ့သို့ မှတ်ထိုက်လို့ရှိရင် ၃- နံပါတ်ကျတော့ အဘယ့်ကြောင့်သူ့ကို အရေးတကြီး မှတ်ထိုက် ပါသလဲဆိုရင်၊ သူမပါရင် ဒိဋ္ဌိမကွာလို့. . .။

၃-နံပါတ်မပါရင်. . . (ဒိဋ္ဌိမကွာပါဘုရား)၊ ဒိဋ္ဌိမကွာ

တော့ အားလုံး ဒကာ ဒကာမတွေက စဉ်းစားကြ၊ အပါယ်ရေသောက်မြစ်သည် ဒိဋ္ဌိ. . .၊ အပါယ်ရေသောက်မြစ်သည်. . (ဒိဋ္ဌိပါဘုရား)။

## ၃။ ဝိပဿနာသမ္မာဒိဋ္ဌိ

အဲဒီတော့ ရေသောက်မြစ်ကို ခွာနိုင်တယ်၊ ဖယ်နိုင်တယ်၊ ရှားနိုင်တယ်ဆိုတာကဖြင့် ဒကာဒကာမတို့မှတ်ပါ ဝိပဿနာသမ္မာဒိဋ္ဌိပဲ. . .

ဒါမှအခြေခံမရလို့ရှိရင် ဘယ်နည်းနဲ့မှ ရှေ့ကို၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ကျေးဇူးပြုဖို့ရာ အကြောင်းကို ဦးခင်မောင်တို့ မပါသေးဘူး မှတ်ပေတော့. . .၊ သဘောကျပြီနော်. . . (ကျပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီအလုပ်ဟာ ၃-နံပါတ်ဟာ အရေးကြီးရတော့မယ်ဆိုတဲ့ဥစ္စာ မှတ်ရပါလိမ့်မယ်. . . ၃-နံပါတ် မပါဘဲနဲ့ ကိုမြရွှေတို့ ၄-နံပါတ် ဖြစ်နိုင်ပါ့မလား. . (မဖြစ်နိုင်ပါဘုရား)။

မရပါဘူးဆိုတာကိုလဲ မဂ်ဉာဏ်သည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ဝိပဿနာ သမ္မာဒိဋ္ဌိဆိုတဲ့ ရှေ့ပိုင်းက ၃-နံပါတ်က အနန္တရပစ္စည်း၊ ၄-နံပါတ်က အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ဆိုသဖြင့်

သူတို့နှစ်ခုက ဆက်စပ်နေတယ်ဆိုတာ သဘောကျပြီလား. . (ကျပါပြီဘုရား)။

သူတို့နှစ်ခုက ၃-နံပါတ်မရှိဘဲနဲ့ ၄-နံပါတ် ဘယ်တော့မှ မဖြစ်လို့ မှတ်လိုက်. . ၃-နံပါတ် မရှိဘဲနဲ့ ၄-နံပါတ် ဘယ်တော့မှ မဖြစ်နိုင်ဘူးဆိုတာ ဘုန်းကြီးတို့ ဒကာဒကာမတွေ လေးစားစွာ မှတ်ပါ. . . ။

ဒါဖြင့် ဩော်. . ၃-မရှိလို့ရှိရင် ၄-မဖြစ်နိုင်ဘူးဆိုတာ ဂဏန်းမို့ ပြောနေတယ်လို့ မအောက်မေ့ကြပါနဲ့။

ဒိဋ္ဌိမကွာဘဲနဲ့ မဂ်မရဘူး ပြောတာ. . . ဦးခင်မောင် ဘယ်လိုပြောမတုံး. . . (ဒိဋ္ဌိမကွာဘဲနဲ့ မဂ်မရဘူး ပြောတာပါ ဘုရား)။

ဒိဋ္ဌိမကွာဘဲနဲ့ မဂ်မရဘူးလို့ ရှင်းရှင်းလင်းလင်း သိနေ သဖြင့် သောတာပန်ဖြစ်ချင်ရင် "စတုဟာပါယေဟိစ ဝိပ္ပမုတ္တော သက္ကာယဒိဋ္ဌိဝိစိကိစ္ဆိတဥ္စ" ဘုရားက သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်နိုင်မှ သောတာပန် ဖြစ်ပါတယ်ကွလို့ သေသေချာချာ မဂ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်မှာ ဤအတိုင်း ဟောထားတော့ ဝိပဿနာ ဉာဏ်ကမှ ဒိဋ္ဌိကို ရှင်းမထားလို့ရှိရင် မဂ်ဉာဏ်က ဘယ်နည်းနဲ့မှ အပြီးသတ်မဖြတ်နိုင်ဘူးဆိုတာမှတ်ထားပါ. . . ။

ဒါဖြင့် ဝိပဿနာရှင်းလင်းထားမှ မဂ်ဉာဏ်က အပြီး

သတ် ဖြတ်နိုင်တယ် . . . ဒါဖြင့် လောကီဥပမာမယ်၊ အဋ္ဌကထာဆရာ ဘယ်လိုပြသတုံးလို့မေးတော့. . . ။

ဝိပဿနာသမ္မာဒိဋ္ဌိကတဲ့၊ လောကီဥပမာမယ်ကွာ- လယ်တစ်ခုကို လုပ်တော့မယ်လို့ဆိုလို့ရှိရင်ဖြင့် လယ်ပေါ်မှာ ရှိတဲ့ပေါင်းတွေ သစ်ပင်တွေ ချုံတွေ ဒါတွေ အကုန်စုပြီး သကာလ လယ်ကိုရှင်းလင်းတဲ့ အခြေအနေမျိုး မလုပ်ရပေဘူးလား. . (လုပ်ရပါတယ်ဘုရား)။

ပုံထား ပုံထား အားလုံးရှင်းပြီး ပုံထားပါ၊ ပြီးတော့မှ မီးရှို့၊ မီးရှို့လိုက်တော့မှ လယ်လုပ်လို့ ဖြစ်တယ်. . . ။

ဒါဖြင့် ရှင်းလင်းမှု မရှိလို့ရှိရင်လဲ လယ်လုပ်လို့ မဖြစ်ပါဘူး. . . ။ မီးရှို့မှု မရှိရင်လဲ. . (လယ်လုပ်လို့ မဖြစ်ပါဘုရား)

လယ်လုပ်လို့မဖြစ်နိုင်ဘူးဆိုတော့၊ ဝိပဿနာက ရှင်းလင်းမှုနဲ့တူသည်. . ၊ မဂ်က မီးရှို့မှုနဲ့တူသည်. . . ။

ဒါဖြင့် ၃-နံပါတ်ကရှင်းလင်းမှု . . . (မှန်ပါ့)၊ ၄-နံပါတ်က မီးရှို့မှု . . . ၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

၃-နံပါတ်က ဒကာ ဒကာမတို့ သက္ကာယဒိဋ္ဌိဖြုတ်တာ အမြစ်မပြတ်သေးဘူး၊ အနုသယ သဘောနဲ့ ကျန်နေတော့ ဒကာ ဒကာမတို့ အနုသယကျန်တာကျတော့ ပရိယုဋ္ဌာန ဝီတိက္ကမ တွေကို ဝိပဿနာ ဖြုတ်ထားတော့မှ၊ အနုသယကျတော့

မဂ်ကနေ ဖြုတ်ချကုန်တာပေါ့ . . .၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဝိပဿနာသမ္မာဒိဋ္ဌိမပါဘဲနဲ့ မဂ်သမ္မာဒိဋ္ဌိ မရနိုင်ကြောင်း ကောင်းကောင်းကြီး ရှင်းသွားပြီလို့ မှတ်လိုက်တာပေါ့ . . .။

နေရာကျပါပြီ၊ အားလုံး ဒကာ ဒကာမတို့ ဒီတရားသည် ဒီကဲ့သို့ပြောဆိုပြီး၊ အထပ်ထပ်ဆုံးမ သွန်သင်နေခြင်းသည် အပါယ်မျိုးစေ့ ဝမ်းထဲမှာ ရှိနေလို့ နှင်ထုတ်ပေးနေတယ်လို့ မှတ်လိုက်ပေတော့။

အပါယ်မျိုးစေ့ . . . (ဝမ်းထဲရှိနေလို့ နှင်ထုတ်ပေးတာပါဘုရား)၊ အပါယ်မျိုးစေ့ဆိုတဲ့ဒိဋ္ဌိက ဝမ်းထဲ ရှိနေတဲ့အတွက် ဒါလေးကို ဒကာ ဒကာမတွေ ဝိပဿနာနဲ့မှ မထုတ်လို့ရှိရင် ပုံမှမထားလို့ရှိရင် မဂ်ကမီးရှို့ဖို့ရာ တစ်ပင်စီလျှောက်ရှို့လို့ကောလောင်မှာမဟုတ်ဘူး။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဝိပဿနာ သမ္မာဒိဋ္ဌိဟာ မဂ္ဂသမ္မာဒိဋ္ဌိထက် ဦးခင်မောင် ပိုအရေးကြီးတယ်. . . (ကြီးပါတယ်ဘုရား)။

ပိုအရေးကြီးတယ်ဆိုတာ ဒကာ ဒကာမတို့ လေးစားစွာနဲ့ မှတ်လိုက်၊ ကိုင်း-ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိသည် တေဘူမက

သင်္ခါရဆိုတဲ့ သင်္ခါရတရားတွေ၊ သင်္ခါရတရားဆိုတာ ဒကာ ဒကာမတို့ တခြားမှတ်မနေနဲ့ ခင်ဗျားတို့ သန္တာန်မှာ ရှေးဦးစွာ ပေါ်လာတဲ့တရား သင်္ခါရတရားသာ မှတ်လိုက်တော့။

ရှေးဦးစွာ ပေါ်လာတဲ့တရား. . (သင်္ခါရတရားပါဘုရား)၊ ရှေးဦးစွာ ပေါ်လာတဲ့တရားကို သင်္ခါရတရားလို့ မှတ်လိုက်တာပေါ့၊ ရှေးဦးစွာ ပေါ်လာတဲ့တရား သင်္ခါရတရားလို့မှတ်တာ ဘယ့်နှယ်ကြောင့်တုံးလို့ဆိုလို့ရှိရင် သင်္ခါရတရားဆိုတာ စာလိုသုံးနေလို့ပါ သူများပြုပြင်လို့ပေါ်လာတဲ့တရား. . .။

သူများပြုပြင်လို့ ပေါ်တဲ့တရားဆိုတော့ ဟောဒီ ဒီမှာ ပန်းလှူထားတယ် ဒီပန်း မရှိဘဲနဲ့ နှာခေါင်းထဲမှာ မွှေးတဲ့စိတ် ပေါ်ဖို့ အတော်ခဲယဉ်းတယ်. . . (ခဲယဉ်းပါတယ်ဘုရား)။

ဒါဖြင့်ပန်းတည်းဟူသော အနံ့က မွှေးတဲ့စိတ်ပေါ်အောင် ပြုပြင်တယ် . . . ဒါဖြင့် ဒီစိတ်ဟာ ပြုပြင်လို့ ပေါ်တဲ့တရားလို့ ဆိုထိုက်, မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)၊ ပန်းမရှိရင် မွှေးတဲ့စိတ်ပေါ်နိုင်ပါ့မလား. . . (မပေါ်နိုင်ပါဘုရား)။

အဲဒါတွေ ထောက်ကြည့်တော့မှ ဒို့သန္တာန် ပေါ်လာတဲ့ တရားဟူသရွေ့သည် သူတစ်ပါးပြုပြင်လို့ ပေါ်လာတဲ့ သင်္ခါရ တရားချည်းလို့မှတ်လိုက်. . . ရှင်းပြီလား ဒါဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိက ဒီနေ့တော့ ဥပရိပဏ္ဏာသ ပါဠိတော်၊ မဟာစတ္တာလီသ

သုတ်မှာလာတာ ပြောရမှာ ဖြစ်နေတော့ မနေ့ကတော့ သံယုတ် အဋ္ဌကထာကို ပြောတယ်။

ဒီနေ့တော့ ဥပရိပဏ္ဏာသ မဟာစတ္တာလီသ သုတ်ကို အကိုးအကားထားပြီးသကာလ ဝိပဿနာနဲ့ မဂ် ထူးခြားပုံကို ဟောလိမ့်မယ်လို့ မှတ်လိုက်ပါ။

ကိုင်း - ဒါဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိဆိုတဲ့ ဥစ္စာက နေမထွက်ခင် ဦးခင်မောင်ရေ အရုဏ်အလျှင်တက်တယ်၊ ထုံးစံပဲမဟုတ်လား. . . (ဟုတ်ပါတယ်ဘုရား)။

နေမထွက်ခင် . . . (အရုဏ် အလျှင်တက်ပါတယ် ဘုရား)၊ အရုဏ်က အလိုလိုတက်တာလား၊ နေအရှိန် အစော်လား. . . (နေ၏အရှိန်အစော်ပါဘုရား)၊ ဩော်-နေထွက်မယ်လို့ ပုဗ္ဗနိမိတ်ပြတာဆိုတာလား။

ဆိုထိုက်ပလား. . . (ဆိုထိုက်ပါတယ်ဘုရား) နေထွက်မယ်လို့ ပုဗ္ဗနိမိတ် အလျှင်ပြတာပါလားလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မှတ်ထားတော့မှ ဩော်-နေထွက်တဲ့ပုဗ္ဗနိမိတ်မှ မလာဘဲနဲ့ ဒီနေ့နေထွက်တော့မှာပဲ ဦးဘအုန်းက ဆိုချင်ငြား သော်လဲ မဖြစ်ပါဘူး။

အရုဏ်မှ မတက်ဘဲကိုးဗျာ. . . အရုဏ်မှ မတက်ဘဲ နေထွက်ချင်လို့တော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဖြစ်ပါလိမ့်မယ်ဆိုတာ အယူမရှိကြပါနဲ့။

အဲဒါကြောင့် သူက ရှေ့သွား ဝိပဿနာသမ္မာဒိဋ္ဌိက ရှေ့သွား၊ မဂ်သမ္မာဒိဋ္ဌိက နောက်လိုက် မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)၊ ဝိပဿနာသမ္မာဒိဋ္ဌိ . . . (ရှေ့သွားပါဘုရား)၊ ရှေ့သွားရှေ့သွား။

မဂ်သမ္မာဒိဋ္ဌိက နောက်လိုက်. . .၊ ဝိပဿနာ သမ္မာဒိဋ္ဌိက . . . (ရှေ့သွားပါဘုရား)၊ သူက အရဏ်တက်တာနဲ့တူတယ်၊ မဂ္ဂသမ္မာဒိဋ္ဌိက နေထွက်တာနဲ့တူတယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိက ရှေ့သွားနော်. . . အရဏ်တက်တာနဲ့တူတယ်၊ မဂ္ဂသမ္မာဒိဋ္ဌိက နေထွက်တာနဲ့တူတယ်၊ နောက်မှ ထွက်လာတာ၊ ဒါကြောင့် သူ့ကိုစာလိုသုံးတော့ ပုရေစာရိက သမ္မာဒိဋ္ဌိလို့ သုံးတယ်။

## ရှေးဦးစွာ ကျင့်ရမည့်ဉာဏ် (အလုပ်)

ပုရေစာရိက သမ္မာဒိဋ္ဌိဆိုတာ ဦးဘအုန်း၊ ဦးခင်မောင်တို့ပါ မှတ်၊ ဩော်-ရှေးဦးစွာ ကျင့်ရမယ့်အလုပ်ပါလား. . .၊ ရှေးဦးစွာ ကျင့်ရမယ့်ဉာဏ်. . .၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ပုရေစာရိက သမ္မာဒိဋ္ဌိဆိုတာ ဘာပါလိမ့်. . . (ရှေးဦးစွာ ကျင့်ရမယ် အလုပ်ပါဘုရား)၊ ရှေးဦးစွာ ကျင့်ရမယ့်သမ္မာဒိဋ္ဌိက

ဉာဏ်ရှင်းပြီနော်၊ ရှေးဦးစွာ ကျင့်ရမယ့် သမ္မာဒိဋ္ဌိ သို့မဟုတ် ခင်ဗျားတို့ နားလည်အောင်ပြောရရင် ဉာဏ်ပေါ့ဗျာ။

ရှေးဦးစွာ ကျင့်ရမယ့် ဉာဏ်ပဲလို့ ဒကာ ဒကာမတွေက နိဗ္ဗာန်ရောက်ချင်တဲ့ပုဂ္ဂိုလ်၊ အပါယ်လေးပါး တံခါးပိတ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ရှေးဦး ကျင့်ရမယ့် အလုပ်ကို မလုပ်ဘူးဆိုလို့ရှိရင် ဦးဘအုန်း ဒါ အလကားပေါ့ဗျာ. . . (မှန်ပါ့ဘုရား)၊ ရှေးဦးစွာ လုပ်ရမယ့် အလုပ်ကို ရှေးဦးစွာပဲ လုပ်ရမယ်. . .၊ သဘောကျ ပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဂရုစိုက်ပြီးတော့မှတ်ပါ ဒကာ ဒကာမတို့၊ ရှေးဦး စွာ လုပ်ရမှာက ဝိပဿနာသမ္မာဒိဋ္ဌိ၊ နောက်လုပ်ရမှာက မဂ္ဂ သမ္မာဒိဋ္ဌိ. . .၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ရှေးဦးစွာ အားထုတ်ရမှာက. . . (ဝိပဿနာ သမ္မာဒိဋ္ဌိ ပါဘုရား)၊ ဝိပဿနာသမ္မာဒိဋ္ဌိ အားထုတ်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ မဂ် သမ္မာဒိဋ္ဌိကို ခင်ဗျားတို့က လာပါစေတော့ခေါ် ဖို့မလိုတော့ပါဘူး။

သူ့ရင့်သလောက် ပေါ်လာတာပဲ၊ ဝိပဿနာသမ္မာဒိဋ္ဌိ ရင့်သလောက် ပေါ်လာတာပဲဆိုတာ လေးစားစွာနဲ့ မှတ်တာပေါ့ ကောင်းပြီး ဒါဖြင့် ဒကာ ဒကာမတို့ ဘာအရေးကြီးလဲဆိုရင်ဖြင့် အဖြေပေါ်လာပြီ. . . (ပေါ်လာပါပြီဘုရား)။

ဘာအရေးကြီးသတုံး (ဝိပဿနာသမ္မာဒိဋ္ဌိလုပ်ဖို့အရေး

ကြီးပါတယ်ဘုရား) အဲ-ဝိပဿနာ သမ္မာဒိဋ္ဌိကို ပုရေစာရိက သမ္မာဒိဋ္ဌိလို့. . . ပဏ္ဏာသကဆိုတယ် ဦးခင်မောင်ရေ. . . (မှန်ပါ့)။

ပုရေက-ရှေး၊ စာရိက-က ကျင့်ရမယ်. . .၊ ရှေးဦးစွာ အကျင့်ရှိရမယ်. . .၊ ရှေးဦးစွာ ကျင့်ရမှာ ဘယ်သူဟော့. . . (ဝိပဿနာသမ္မာဒိဋ္ဌိပါဘုရား)၊ ရှေးဦးစွာ ကျင့်ရမှာ. . . (ဝိပဿနာသမ္မာဒိဋ္ဌိပါဘုရား)။

ရှေးဦးစွာ ကျင့်ရမယ့် အလုပ် ဝိပဿနာသမ္မာဒိဋ္ဌိလို့ ဥပရိပဏ္ဏာသက လာတော့၊ ဩော်-ရှေးဦးစွာ ကျင့်ရမယ့်အလုပ်၊ ပြီးတော့မှ ကျင့်ရမယ့်အလုပ်၊ ဒကာ ဒကာမတွေ ခြားနားပြီး မှတ်ထားလိုက်ပါ။

ကောင်းပြီး ရှေးဦးစွာကျင့်ရမယ့်အလုပ်သည် ဘာကျင့်ရမှာတုံးဆိုတော့ - အို. . , တေဘူမက သင်္ခါရပေါ်မှာ ဖြစ်ပျက် မြင်အောင်လုပ်ပါ။

ရှေးဦးစွာ အလုပ်လုပ်၊ အလုပ်ဟာ တေဘူမက သင်္ခါရတရားပေါ်မှာဖြစ်ပျက် မြင်အောင် လုပ်ရမယ်တဲ့ ဒကာ ဒကာမတို့ တေဘူမက သင်္ခါရပေါ်မှာ. . . (ဖြစ်ပျက်မြင်အောင် လုပ်ရမှာပါဘုရား)။

## ရုပ်နာမ်ပေါ် ဖြစ်ပျက်မြင်အောင်လုပ်ပါ

အဲဒါလို သုံးနေတော့ ဒကာ ဒကာမတွေက နားထဲမှာ ရှုပ်နေတော့ ခင်ဗျားတို့ ရုပ်နာမ်ပေါ် ဖြစ်ပျက်မြင်အောင်လုပ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့၏ လက်ရှိရုပ်နာမ်ပေါ်၌. . . (ဖြစ်ပျက်မြင် အောင်လုပ်ရမှာပါဘုရား)၊ ဖြစ်ပျက်မြင်အောင် လုပ်ပါဆိုတာ ဒကာ ဒကာမတွေက ရှေးဦးစွာ မဂ်ရချင်တဲ့ပုဂ္ဂိုလ်က သူ့ကို ရှေ့ ထားလုပ်။

ဒါကြောင့် သူ့ကို ပုရေစာရိက သမ္မာဒိဋ္ဌိလို့ ဥပရိပဏ္ဏာသ က ဦးခင်မောင်ဆိုလိုက်တယ်၊ ဆိုကော မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

မဂ်ရချင်တဲ့ ပုဂ္ဂိုလ်မှာ ဒကာ ဒကာမတို့ ရှေ့ပြေး အကျင့် မရှိဘဲနဲ့ မဂ်က ဘွားခနဲ ပေါ်လာလိမ့်မယ်လို့ ဦးဘတင်တို့ မှတ်ရင် လွဲလိမ့်မယ်. . . မလွဲဘူးလား. . . (လွဲပါတယ်ဘုရား)။

မဂ်ဟာ ဘွားခနဲ ပေါ်တဲ့အမျိုးလား, တောင်းယူလို့ ရတဲ့ အမျိုးလား. . . (မဟုတ်ပါဘုရား)၊ မဟုတ်ပါဘူးတဲ့၊ သူ့ရှေ့ သွားက အလုပ်လုပ်မှ သူကနောက်လိုက်အဖြစ်နဲ့ ပေါ်လာတာ။

ရှေ့သွားအလုပ်ကို လုပ်ထားမှ နောက်လိုက်အဖြစ်နဲ့ ပေါ်လာတာကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မှတ်ထားပါ. .

(မှန်ပါ့) သဘောကျဖို့ကောင်းတယ်။

ဒါဖြင့် ရှေ့သွားကိုရှေ့သွားအတိုင်း ရှေ့ထားလိုက်ပေါ့ဗျာ ရှေ့သွားကို ရှေ့ထားပြီး သင်္ကေတလေးလုပ်မှာ။

နောက်လိုက်ဟာရှေ့(သွားနောက်ကလိုက်ရင်) နောက်လိုက်ဟာ ရှေ့သွားမြန်သလောက် နောက်လိုက်လိုက်တာ နှေးကျတာပဲ. . . (ကျေပါတယ်ဘုရား)။

ကဲဒါဖြင့် ဒုက္ခာ ဒုက္ခမတွေ့ဖို့ရောက်ရှိကား သမုဒယ ဒီ၌ကား ခင်ဗျားတို့ လက်ရှိ ရုပ်နာမ်ပေါ်၌ ဖြစ်ပျက်မြင်အောင်ကြည့်တော့ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ မပြုတ်ဘူးလား. . . (ပြုတ်ပါတယ်ဘုရား)။

. . . အဲဒီသက္ကာယဒိဋ္ဌိပြုတ်သည့်တိုင်အောင် သူသည်ဖြစ်တာနဲ့ ပျက်တာပဲ၊ သူမြင်နေလို့ရှိရင် ပုထုဇဉ်(ရောက်ရှိကာ သမ္မာဒိဋ္ဌိတော့) အောင်ပေါ့လို့ အောက်မေ့တာပေါ့. မှန်ရဲ့လား ချာပဟ၊ ဘာကြောင့်လဲ ဆိုတော့ အရှက်တော့ကိုပြီ။

(အရှက်တက်ပြီ)ဆိုက တည်းကိုလှမ နေထွက်ဖို့ အောက်မှာ သေချာချာရှိလို့ အနီးရောက်တွေ့ တက်လာတာ။

ဒါကြောင့် မနေ့က (သံယုတ် အဋ္ဌကထာ) ထာကား ဥဒါဟရုဏ်ပြ ဝိပဿနာ သမ္မာဒိဋ္ဌိအကျ အရဟတ္တမဂ် အရဟတ္တဖိုလ် တိုင် အောင် ကျိုးစားပြုပါတယ်ဆိုတဲ့ဥစ္စာ နောက်ကျ ချာလို့ ပြောတာ။

မသေချာရင် မပြောပါနဲ့ဦး. . . အဲဒါတွေ တွေ့တဲ့အခါကို ကြည့်တော့မှ ဗေဒင်-လက္ခဏာ လုပ်ငန်းကိစ္စ ရှုပ်ထွေးတဲ့ကိစ္စတွေ လုပ်နိုင်တဲ့ဘဝ ဟောနိုင်တဲ့ ဆရာကလဲ သေသေချာချာသိမှ ဒီလိုလဲ ကြည့်နိုင်တဲ့ညာဏ်နဲ့ ဆရာဘုန်းကြီး ကဗျာဆို သို့အောင် ကြည့်နည်းတွေပြနေတော့ ဗေဒင်-ဇာတာ အကောင်းတွေ အလှည့်ပိုင်ခွင့် ကိုယ်ကို သနားလို့လှစ်ရမယ့် အလုပ်လဲ . မှန်းချိန်ထုံး ဦးစီး သဘောကျမှလာ . . . (ကျေးပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ပုရေစာရိုက သမ္မာဒိဋ္ဌိဖြစ်ဖို့ လုပ်ပေးဖို့ စေနဲ့လို့ တိုက်တွန်းပါတယ်. . . (မှန်ပါ့) ကဲ-ဒါဖြင့် ပုရေစာရိုက သမ္မာဒိဋ္ဌိလည်းပြီးတဲ့ပုဂ္ဂိုလ်သည် ဒုဋ္ဌိ ဖြစ်ခြင်းမှ တုံးမေးတဲ့အခါ ကျတော့ မဂ်သမ္မာဒိဋ္ဌိ ဦးခင်မောင်တို့ ဘကြီး အရှင်တို့ ဦးဇံရင်တို့ နောက်တဲ့က လိုက်လာဖါလိမ့်မယ်. . . မလိုက်ပါနဲ့ဆိုလို့ (မရပါ ဘုရား)။

မရဘူး, မရဘူး ဒီညစ္စာ . . . (မှန်ပါ) ကောင်းပြီ မဂ်သမ္မာ ဒိဋ္ဌိ လိုက်တဲ့အနက် လိုက်နေတော့ ဘယ်လိုများ ထူးခြားပါသတုံး ဆိုတော့ ပုဂ္ဂိုလ်ရေးရာရိုက သမ္မာဒိဋ္ဌိက ဒိဋ္ဌိကိုနှစ်မျိုးခွဲထုတ်ထားပါ။

**ဒိဋ္ဌိသုံးမျိုး**

ဒိဋ္ဌိနှစ်မျိုးသတ်ထားတယ်ဆိုတော့ ဒိဋ္ဌိက ဒိဋ္ဌိသုံးပါး ဒိဋ္ဌိ

ကိလေသာက လွန်ကျူးတဲ့ ဒိဋ္ဌိ၊ ထကြွတဲ့ဒိဋ္ဌိနော်. . . ဒီလိုက နှစ်မျိုးရှိတယ်၊ ကိန်းအောင်းနေတဲ့ ဒိဋ္ဌိပေါင်းလိုက်တော့ ဒိဋ္ဌိက ၃-မျိုးတောင်ရှိတယ်။

လွန်ကျူးတဲ့ (ဒိဋ္ဌိပါဘုရား)၊ ထကြွတဲ့. . . (ဒိဋ္ဌိပါဘုရား)၊ ခင်ဗျားတို့ ဝမ်းထဲ အောင်းနေတဲ့ . . . (ဒိဋ္ဌိပါဘုရား) ဒါဖြင့် ဒိဋ္ဌိ ဘယ်နှစ်မျိုးရှိ. . . (၃-မျိုးရှိပါတယ်ဘုရား)။

ဒိဋ္ဌိသုံးမျိုးရှိတယ်ဆိုတော့ အနုသယဒိဋ္ဌိ၊ ပရိယုဋ္ဌာနဒိဋ္ဌိ၊ ဝီတိက္ကမဒိဋ္ဌိ၊ ဒိဋ္ဌိဘယ်နှစ်မျိုးပါလိမ့်. . . (၃-မျိုးပါဘုရား)။

## ဝိပဿနာသမ္မာဒိဋ္ဌိက ဒိဋ္ဌိနှစ်မျိုးသာပယ်နိုင်

ကောင်းပြီး ဒါဖြင့် ၃-မျိုးရှိတော့ကို ဝိပဿနာသမ္မာဒိဋ္ဌိကတော့ဖြင့်ဖြစ်ပျက်မြင်တဲ့အတွက် ဒိဋ္ဌိကို ၃-မျိုးရှိတဲ့အနက်က သတ္တိ၃-မျိုး ရှိတဲ့အနက် နှစ်မျိုးသာ သူကပယ်နိုင်တယ်. . .၊ လွန်ကျူးတာကိုပယ်နိုင်တယ်. . . (မှန်ပါ့)။

ထကြွတာကော. . . (ပယ်နိုင်ပါတယ်ဘုရား)၊ တကယ့် ဝမ်းထဲမှာ သိမ်မွေ့တဲ့ အနုသယသဘောမျိုးနဲ့ ကိန်းအောင်းနေတာလေးတော့ သူ မတတ်နိုင်ဘူး၊ ချန်ထားတယ်။

အဲဒါ မဂ်လာမှဖြတ်မှာ. . . (မှန်ပါ့)၊ ဒါမဂ်အတွက် ချန်ထားတာလို့မှတ်. . .၊ သဘောပါပလား. . . (ပါ-ပါပြီဘုရား)။

ဦးခင်မောင်၊ ဒါတွေကို လေးစားစွာ မှတ်ရလိမ့်မယ်၊ ဒါတွေ လေးစားစွာ မှတ်ရလိမ့်မယ် ဦးဘတင်ရေ့။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့၊ ဒါ တရားဟောရတယ်ဆိုတဲ့ဥစ္စာ ပထမရှေးဦးစွာ ဒကာ ဒကာမတွေ နားလည်အောင် ခပ်ကျဲကျဲဟော၊ နောက်ဖြည်းဖြည်းမှ စိပ်စိပ်, စိပ်စိပ်, စိပ်ပြီး သကာလ ဒကာသစ်တို့၊ ကိုမြရွှေတို့ ပြောရတယ်နော်။

တစ်ခါတည်းအကုန်ပေးလိုက်ရင်ခင်ဗျားတို့ ကလေးပါးစပ်ဖြစ်နေလို့ ထမင်းလုတ်ကြီးမရဘူး. . .၊ ကလေးပါးစပ်ထမင်းလုတ်ကြီးကြီး ခွံ့လို့ရှိရင် ကလေး သေစေချင်လို့ အဓိပ္ပါယ်ရောက်တယ်. . .၊ ကရုဏာရှိလို့ဆိုတဲ့ အဓိပ္ပါယ်ရောက်ရဲ့လား (မရောက်ပါဘုရား)။

ဒီမှာလဲဘုန်းကြီးတို့ သိသလောက် မှတ်သလောက် အလုံးစုံ အကုန်ပေးလိုက်မယ်ဆိုသဖြင့် ဦးဝ အသက် ကြီးပေမယ့်လဲ ပါးစပ် ကျဉ်းသေးတယ်လို့ပဲ မှတ်ရမယ်. . . (ကျဉ်းပါတယ်ဘုရား)၊ ဉာဏ်ပါးစပ်ကျဉ်းတာပေါ့။

အဲဒီတော့ အများကြီးပေးလိုက်လို့ရှိရင်လဲ အကုန်မယူနိုင်ဘူး၊ ဆိုထိုက်မဆိုထိုက်. . . (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် မနေ့က မထည့်ပဲ ဒီနေ့မှ ဒါ ထည့်ထားတယ်ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ မှတ်ရမယ်. . . (မှန်ပါ့)။

ဒါဖြင့် ဒိဋ္ဌိ ဘယ်နှစ်မျိုး ရှိပါလိမ့် . . . (၃-မျိုးရှိပါတယ်ဘုရား)၊ ၃-မျိုးရှိတဲ့အနက်က ဒကာ ဒကာမတွေ လွန်ကျူးတဲ့ဒိဋ္ဌိ၊ ထကြွတဲ့ဒိဋ္ဌိကိုတော့ သူ ပယ်နိုင်တယ်. . .

အတွင်းမှာအောင်းနေတာလေးတော့. . . (မပယ်နိုင်ပါဘုရား)၊ မပယ်နိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်ကော ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတွေ သားသမီးလေးတွေ စိတ်ဆိုးတဲ့အခါ ကျတော့ လက်ကလေးနဲ့ ငါ ခေါက်လိုက်ရရင်ဆိုတဲ့ အဓိပ္ပါယ် ကော မပါဘူးလား - (ပါ-ပါတယ်ဘုရား)။

## ထကြွတဲ့ဒိဋ္ဌိ

လက်ကလေးပြပြီးတော့ပေါ့ဗျာ၊ အဲဒါက ဒကာ ဒကာမတို့ ထကြွတဲ့ဒိဋ္ဌိရှိသေးပဲ ဟို-ခေါင်းရောက်အောင် မခေါက်ရသေးဘူးပေါ့ (မှန်ပါ့)။

## လွန်ကျူးတဲ့ဒိဋ္ဌိ

တချို့ခါတလေ ကျတော့ ခေါင်းရောက်အောင် ခေါက်တာလည်းရှိတယ်, ရှူးစိန်ရှုပ်တာလည်းရှိတယ် . . . ဒါဖြင့် ခေါင်းရောက်အောင်ခေါက်တာသည် လွန်ကျူးသွားပြီဗျာ။

ရှယ်ရှိရှယ်တာသည်ကား ထင်ကြလာတာ. . . သဘော ကျရဲ့လား. . . (ကျပါတယ်ဘုရား)၊ အဒိန္နစ်ခုသော ဒိဋ္ဌလောက် ပဲ ပယ်နိုင်တယ်တဲ့၊ ဝမ်းထဲမှာ ငုပ်နေတဲ့အကြောင်းရှိမှပေါ် မလို့ စောင့်နေတဲ့ ဒိဋ္ဌကျတော့ မပယ်နိုင်ဘူး. . .၊ ဝိပဿနာကမှ (ပယ်နိုင်ပါတယ်ဘုရား)၊ သဘောကျပလား. . (ကျပါပြီဘုရား)။

ဒါကြောင့် ဝိပဿနာသည် ရှယ်ရှိ ရှယ်တာရယ် ဟုတ်လား၊ အင်း-ခေါက်ဖြစ်အောင်ခေါက်တာရယ်ဆိုတဲ့ ခေါက် လုံးနှစ်ခုကိုတော့ မလုပ်ဖြစ်အောင် ပယ်ချလိုက်တယ်၊ သဘော ကျပလား. . . (ကျပါပြီဘုရား)။

အဲဒါကို တကယ်တမ်း ဝမ်းထဲမှာ ငါ့သားဆိုတာလေး ဟာတော့ မပယ်နိုင်ဘူး . . . (မပယ်နိုင်ပါဘုရား)၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)။

ငါ့သားဆိုတာတော့ မပယ်နိုင်ဘူး၊ ငါစိတ်ဆိုးတယ်ဆို ပြီး လက်တွေ ခြေတွေ ဆိုတာ ဟန်ပြတာတော့ ဖြစ်နိုင်တာပဲ တကယ့်ကို သွားရိုက်တဲ့ အခြေအနေမျိုးလဲ ဖြစ်နိုင်တာပဲ။

အဒိန္နစ်ခုကတော့ကို လက်ဟန် ခြေဟန်ပြတာရယ်, သွားရိုက်တာရယ်ဆိုတော့ ဝိပဿနာ ရှုနေသူက ပယ်နိုင်ပါ တယ်။ ဝမ်းထဲမှာ ငါ့သားဟူသော အထိမ်းအမှတ် ကလေး ကတော့ မပယ်နိုင်ပါဘုရား၊ မပြုတ်သေးပါဘူး။

သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဒို့တော့ အကြမ်းနှစ်ခု ပယ်လိုက်ပါတယ်. . .၊ အနုတစ်ခုသော ကျန်ပါတော့တယ်ဆိုတာ ဦးဘတင် သချာပလား. . . (သေချာပါတယ်ဘုရား)။

ကောင်းပြီ၊ ဒီအနုဟာ ဒကာ ဒကာမတို့ အကြမ်းနဲ့ အနုဘယ်ဟာ ခက်ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့၊ မွေးစပေါက်ကလေး၏ ခေါင်းက ဆံပင်ရိတ်ရတာနဲ့၊ လူကြီးခေါင်းက ဆံပင်ရိတ်ရတာ ခင်ဗျားတို့ ဘယ်ဟာကခက်မယ်ထင်တုံး. . . (ကလေးဆံပင်က ခက်ပါတယ်ဘုရား)။

အနုကိုးဗျ . . . ဝမ်းထဲက ပါလာတဲ့ အမွေးနုကလေးတွေ အင်မတန်အရိတ်ရခက်တယ်၊ မခက်ပေဘူးလား . . . (ခက်ပါတယ်ဘုရား)။

## အနုသယဒိဋ္ဌိ

ဒီမှာလဲ အတွင်းမှာ နုနုလေးကျန်နေတဲ့ ကိလေသာ အနုသယဒိဋ္ဌိဟာ ဦးဘအုန်းတို့ သာခက်တယ် မခက်ဘူးလား . . . (ခက်ပါတယ်ဘုရား)။

ဟော - အဲဒါကိုတော့ မဂ်စစ်နဲ့ ပယ်လို့ရတယ် . . . ဒါ မဂ်စစ်နဲ့ ပယ်မှ ပယ်လို့ရတယ်လို့ သေသေချာချာမှတ်ပါ။

ကဲ-ဒါဖြင့် ပုရေစာရိက သမ္မာဒိဋ္ဌိက ဒိဋ္ဌိကို ပယ်တယ်လို့ ဆိုခြားသော်လဲ အင်း လွန်ကျူးအထမြောက်မယ့်ဒိဋ္ဌိ၊ လွန်ကျူး ရုံတင်လွန်ကျူး စိတ်ထဲမှာတင် ထကြွသောင်းကျန်းလာတဲ့ လောဘ, ဒေါသပေါ့ဗျာ။

လောဘ၊ ဒေါသ၊ ဒိဋ္ဌိ ထမြောက်အောင်ပဲ ရိုက်ခြင်းနှက် ခြင်းနဲ့ ပြည့်စုံတဲ့ ဒိဋ္ဌိ၊ အဲဒီနှစ်ခုသာ ဝိပဿနာ သမ္မာဒိဋ္ဌိက အကြမ်းစား ပယ်တယ်လို့မှတ်။

မဂ္ဂသမ္မာဒိဋ္ဌိက အနုသယ ပယ်နိုင်တယ်လို့ ဦးခင်မောင် တို့ မှတ်ရလိမ့်မယ်. . . ရှင်းပြီလား . . . (ရှင်းပါပြီဘုရား) ကောင်းပြီ ဒကာဒကာမတို့ ဝိပဿနာသမ္မာဒိဋ္ဌိကတော့ ရှင်းထား တာပေါ့။

ဟိုက အမြစ်တူးပစ်တာ . . . (မှန်ပါ့ဘုရား)၊ သဘော ကျပြီလား . . . (ကျပါပြီဘုရား) တောရှင်းတာနဲ့ အမြစ်တူးတာနဲ့ ထူးခြားတယ်။

## ဝိပဿနာသမ္မာဒိဋ္ဌိက တောရှင်းထားတာ

တောရှင်းထားတာက ဘယ်သူပါလိမ့် . . . (ဝိပဿနာ သမ္မာဒိဋ္ဌိပါဘုရား၊ အမြစ်တူးပစ်တာက . . . (မဂ္ဂသမ္မာဒိဋ္ဌိပါ ဘုရား)။

အဲဒါကြောင့် ဝိပဿနာ သမ္မာဒိဋ္ဌိတော့ မရှင်းဘဲနဲ့ အမြစ်တူးလို့ရှိရင် ချုထဲတောင် မတိုးနိုင်ဘူး စိတ်သာချ . . . . (မှန်ပါ့ဘုရား) ဝိပဿနာသမ္မာဒိဋ္ဌိမပါဘဲနဲ့ ဦးဘတင် ချုကြီးကလဲ ကြီးနေမယ်ဆိုရင် အမြစ်ရှာတွေ့ပါ့မလား . . (မတွေ့ပါဘုရား)။

ဒါဖြင့် ဘယ်သူနဲ့ အလျှင်ရှင်းရမယ် . . . (ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ အလျှင်ရှင်းရမှာပါဘုရား) အေး-ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ အလျှင်ရှင်းပြီးမှ အမြစ်နှုတ်တာဟာ အမြစ်ကို တူးဆွပြီး နောက်မပေါက်စေဖို့ အရေးကတော့ နောက်မှ လုပ်ရတဲ့အလုပ်ပဲ ဆိုတာ ခင်ဗျားတို့ သိလောက်ပါပြီ . . . (မှန်ပါ့ဘုရား) ရှင်းပြီ နော် . . . (ရှင်ပါပြီဘုရား)။

ကောင်းပြီ ဒကာဒကာမတို့၊ ဖြစ်ပျက်ကို မြင်နေတယ် ဒကာဒကာမတို့၊ ခန္ဓာကိုယ်ထဲမှာ ခန္ဓာပဋိစ္စသမုပ္ပါဒ် ပေါ်လာတာလေးကို ဖြစ်ပြီးပျက်တယ်၊ ဖြစ်ပြီးပျက်တယ်လို့ သိနေတာလေး ကို ဘာဒိဋ္ဌိလို့ ဆိုကြမယ် . . . (ဝိပဿနာသမ္မာဒိဋ္ဌိပါဘုရား)။

သေချာမှတ်နော် ဒကာဒကာမတို့၊ ဒါ အလုပ်စဉ် ခန္ဓာထဲ ဘာပေါ်ပေါ် ပေါ်ပြီး ပျက်သွားပြီ၊ ပေါ်ပြီး ပျက်သွားပြီလို့ သိတဲ့ သမ္မာဒိဋ္ဌိသည်ကား "ဘာပါလိမ့် . . . (ဝိပဿနာ သမ္မာဒိဋ္ဌိ ပါဘုရား)။

ဝိပဿနာ သမ္မာဒိဋ္ဌိလို့ မှတ်ထားလိုက်တော့နော်၊ ဝိပဿနာသမ္မာဒိဋ္ဌိလို့ မှတ်ထားလိုက်တော့ ဩော်-ဝိပဿနာ သမ္မာဒိဋ္ဌိကလဲ အင်း-ဒိဋ္ဌိကြမ်းတွေတော့ ပယ်နိုင်သားပဲ။

သေချာကြပလား . . . (သေချာပါတယ်ဘုရား) ဦးခင်မောင် ဘာတဲ့တုံး . . . (ဒိဋ္ဌိကြမ်းတွေ ပယ်တာပါဘုရား) အေး ဒိဋ္ဌိသုံးမျိုး ရှိတဲ့အနက်က အကြမ်းနှစ်မျိုး ပယ်ချလိုက်တယ်။

တစ်ခုပဲ ကျန်တော့တယ်၊ အဲဒါဖြင့် ပုရေစာရိက သမ္မာဒိဋ္ဌိ ဝိပဿနာသမ္မာဒိဋ္ဌိသည် သင်္ခါရ တရားတို့၏ ဖြစ်ပျက်တွေကို မြင်သောကြောင့် ဒိဋ္ဌိကြမ်းနှစ်ခုကို ပယ်နိုင်သည်။

ရှင်းပလား . . . (ရှင်းပါတယ်ဘုရား) ဖြစ်ပျက်တွေမြင်သောကြောင့် . . . (ဒိဋ္ဌိကြမ်းနှစ်ခု ပယ်ပါတယ်ဘုရား) ဒိဋ္ဌိကြမ်းနှစ်ခု ပယ်နိုင်တယ်။

ကောင်းပြီ နေရာကျပါပြီတဲ့၊ ဒါဖြင့် ဒီဉာဏ်စဉ်ဖြင့် ဒီအတိုင်းပဲ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့တိုးပြီး သကာလ ရှုရင်းရှုရင်းနဲ့ ဖြစ်ပျက်တွေ ရှုရင်းရှုရင်း မုန်း၊ မုန်းရာကနေပြီးသကာလ အမျိုးမျိုးအဖုံဖုံ ဉဒယဗ္ဗယ, အာဒီနဝ, နိဗ္ဗိန္ဒ, မုစ္စိတုကမျတာဉာဏ်တွေ သူ့ဘာသာသူ တက်သွားမှာ ခင်ဗျားတို့ တက်ချင်လို့ မဖြစ်ဘူးပေါ့ဗျာ။

## နိဗ္ဗာန်မြင်တဲ့တရားပေါ်လာရင်

အဲဒီလိုတက်သွားပြီးသကာလ နောက်ကျလာတဲ့ အခါကျတော့ ဘာဖြစ်သွားမလဲ မေးတဲ့အခါကျတော့၊ နိဗ္ဗာန် မြင်တဲ့ တရားလေးပေါ်လာလိမ့်မယ်။

ဝိပဿနာ သမ္မာဒိဋ္ဌိ အဲဒီအချိန် မရှိဘူးလို့ မှတ်လိုက် စမ်းပါ . . . နိဗ္ဗာန်မြင်တဲ့ တရားလေး လာရင်. . . (ဝိပဿနာ သမ္မာဒိဋ္ဌိ မရှိပါဘူးဘုရား) မရှိဘူး၊ အဲဒါ ဂေါတြဘူလို့ခေါ် တယ်။

စာလို ဂေါတြဘူ ဉာဏ်လို့ခေါ် လိုက်တယ်၊ ဖျတ်ဆို ဒါလဲ မြင်ပြီးရော ဒကာဒကာမတို့ ဝဋ်တွေပြတ်သွားတဲ့ မဂ်သမ္မာဒိဋ္ဌိ လာတော့တာပဲ။

ဝဋ်ပြတ်သွားတဲ့. . . (မဂ်သမ္မာဒိဋ္ဌိလာပါတယ်ဘုရား) ဒိဋ္ဌိရှိ ဒိဋ္ဌိကိလေသာ ဝဋ်ပေါ့ဗျာ၊ ဒိဋ္ဌိနဲ့ ပတ်သက်ဖြစ်တဲ့ ကမ္မဝဋ် ပေါ့ဗျာ။

ဒိဋ္ဌိတည်းဟူသော အကြောင်းတရားကြောင့် ဖြစ်ရမယ့် အပါယ်လေးပါးတည်းဟူသော ခန္ဓာဝိပါက ဝဋ်ပေါ့ဗျာ၊ ဒါဖြင့် ဒကာဒကာမတို့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် မပြတ်လား . . . (ပြတ်ပါတယ်ဘုရား)။

အချိုးကျပြတ်တယ်၊ ဒါဖြင့် ဒကာဒကာမတို့ ဩော် -

မဂ်လာမှ ကျုပ်တို့မှာ အနုသယ ကိလေသာ အနုလေးလဲ ပါသွားတော့တယ်ဆိုတာ သေချာပလား . . . (သေချာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ဒိဋ္ဌိအနုသယလေးလဲ ပါသွား . . . ဝိစိကိစ္ဆာလဲပါသွား. . . ဒီကိလေသဝဋ်ကလဲ ကျွတ်တော့ ဒီဝဋ်နှင့် ပတ်သက်တဲ့ ကမ္မဝဋ်တွေကော လာသေးရဲ့လား . . . (မလာပါဘုရား)။

အင်း - ဒီ ကမ္မဝဋ်က အကျိုးပေးမယ့် အပါယ်လေးပါးတည်းဟူသော ခန္ဓာဝိပါကဝဋ်တွေ လာသေးလား . . (မလာပါဘုရား) ဩော်-အောက်သံသရာအတွက်တော့ ကျွတ်ခြင်းလွတ်ခြင်း ပြီးသွားပြီပေ့ါလို့ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

အဲ့-သူက နိဗ္ဗာန်တည်းဟူသော ဆွဲကိုင်ရာ ရမှသာလျှင် ခုနက နုတဲ့ ကိလေသာလေးကို ဖြတ်လို့ရတယ်. . . (ရပါတယ်ဘုရား)။

နိဗ္ဗာန်တည်းဟူသော ဆွဲကိုင်ရာ မရရင် . . . (ဖြတ်လို့မရပါဘုရား) လောကီဥပမာ ပြောကြပါစို့ဆိုတော့ စပါးရိတ်တဲ့ ပုဂ္ဂိုလ် စပါးပင်လေးကို ဘယ်လက်နဲ့ ဖမ်းဆုပ်ပွေ့ပြီးသကာလ ညာဘက်က တံစဉ်ကိုင်ပြီး ဖြတ်မှရတယ်ဆိုတာ ခင်ဗျားတို့ အထင်အရှားပေ့ါဗျာ ဒီအတိုင်း ရိတ်မယ်ဆိုလို့ရှိရင် တံစဉ်ဟာ

ချော်ဖြီး အနေပါ် ထွက်လာမှာပဲ.. (မှန်ပါ) မထွက်ပေဘူးလား
..(ထွက်ပါတယ်ဘုရား)။

ထို့အတူပဲဗျို့ နိဗ္ဗာန်တည်းဟူသော ဘုရားကို မဂ်က
ခွဲတိုင်ရှာတို့ ရလို့သာလျှင် ဒကာဒကာမတို့ မဂ်ဉာဏ်သည့် အနု
သယကိုလေသာကို ဖြတ်နိုင်တာပေါ့.. နိုမှိုရင်.. (မဖြတ်
ပါဘုရား) မဖြတ်နိုင်ဘူးဆိုတာ သေချာပလား..(သေချာ
ပါတယ်ဘုရား)။

ကဲ-ဒါဖြင့် ဩော်-ဒါဖြင့် နေရာကျပြီး မဂ်ဉာဏ်သည်ကား
အနုသယကိလေသာလဲ ကုန်ပေါ့ဆိုတဲ့ဥစ္စာ ဒကာဒကာမတွေ
စိုးရိမ်စရာ ကြောင့်ကြစရာ ရှိသေးသလား.. (မရှိပါဘုရား)။

အနုသယကိလေသာဝဋ်ထဲ သွင်းလိုက်ရတော့ ကိလေသာ
ဝဋ်ပြတ်.. ဘာဝဋ်ပြတ်သွားတုံး.. (ကိလေသာဝဋ် ပြတ်
ပါတယ်ဘုရား)။

ကိလေသာဝဋ်ပြတ်သွားတော့ ဒကာဒကာမတို့ ရည်းစား
ဟောင်း သူနဲ့ပတ်သက်တဲ့ ကံတွေတော့ လာဦးမလား (မလာ
ပါဘုရား) ကံမှ မလာတဲ့နောက် အပါယ်လေးပါးဟူသော (ခန္ဓာဝိပါက
ဝဋ်ကြီးတွေဟာ ဘယ်နှယ်နေပါလိမ့်.. (မလာပါဘုရား)။

ဩော်-ဒါဖြင့် ဒကာဒကာမတို့ စတုဟာပါမယ်ဟိုစ
ဝိပ္ပမှတွေဟာ ဆိုတဲ့ဥစ္စာ ဦးခင်မောင် နေရာကျသွားပြီ စုရှုဖောသပါ

ယေဟိုစ လေးပါးသော အပါယ်တို့မှ ဝိပ္ပမုတ္တော-လွတ်သည်၊ ပေဟာတိ-ဖြစ်၏၊ ဆိုတော့ လေးပါးသော အပါယ်မှ လွတ်သွားပြီ နိဗ္ဗာန်တည်းဟူသော ဆွဲကိုင်ရာရသူဖြင့် အနုသယ ကိလေသာဖြုတ်၊ ဖြုတ်လိုက်လို့ လွတ်သွားတာ။

နိဗ္ဗာန်ဆွဲကိုင်ရာ ရလို့ . . . အင်း နိဗ္ဗာန်တည်းဟူသော တရားကို တစ်ဘက်က ဆွဲကိုင် မဂ်ကနေပြီး ကိလေသာကို ပယ်သုတ်ချလိုက်တာနဲ့ ဒကာဒကာမတို့ ကိလေသဝဋ်ကျွတ်ပြီး သကာလ အပါယ်ကျစေတတ်တဲ့ ကံတွေလည်း အကျိုးမပေးနိုင်တော့ပါဘူး . . . (မှန်ပါ) အပါယ်လေးပါးတည်းဟူသော ဝိပါကဝဋ်ကော ပေါ်သေးရဲ့လား . . . (မပေါ်ပါဘုရား)။

အဲဒါကြ ဒကာဒကာမတို့ မှတ်ထားဖို့ရာက နောက်တုန်းက မှိုက်တာတွေပါ ရောပါသွားတယ်လို့ မှတ်လိုက်တော့ နောက်တုန်းက ဒကာဒကာမတွေ မသိခင်တုန်း ဘဝများစွာ သံသရာတာ မှိုက်လာတဲ့ ဒိဋ္ဌိကိလေသာ အမှိုက်၊ အပါယ်ကျဖို့ အမှိုက်တွေဟာ သူ့ရှေ့ကိုလဲ အတွန်းသိမ်းသွားတယ်၊ ဒါ မဂ်ဟာ သုတ်ထုတ်တယ်ပေါ့ဗျာ။

အတိုက်တိုက် ပါသွားတဲ့ ဒိဋ္ဌိအမှိုက်များ ၈.၃. ဒုစရိုက်အမိုက်များ ဒိဋ္ဌိအမှောက်အမှားတွေ ဘယ်နှယ်နေကြမယ် . . . (ပါသွားပါတယ်ဘုရား)။

အကုန်ပါသွားတယ်၊ ဒကာဒကာမတွေ မလျှော့နဲ့တော့ . . . အင်မတန်သတ္တိထက်တယ်ဆိုတာ သဘောကျပလား (သဘောကျပါပြီဘုရား)။

နောက်တုန်းက ဒုစရိုက်မိုက်မှားတဲ့ ဒိဋ္ဌိမှောက်မှား အကုန်အကုန် ဒကာဒကာမတွေ ဘာမှ စိုးရိမ်စရာ မရှိဘူး။

ဒါဖြင့် သူကတော့ တိုက်ရိုက်ဖြတ်တာကိုး၊ ဘုန်းကြီးများလဲ သေသေချာချာဟော၊ ဘုရားကလဲ သေသေချာချာ ဟောတဲ့အတွက် အပါယ်လွတ်ချင်ရင် . . . အပါယ် လွတ်ကြောင်း တရားကောင်းကတော့ဖြင့် သူပဲဆိုတာ ဆုံးဖြတ်ချက်ချတော့။

သဘောကျပလား . . . (ကျပါပြီဘုရား) အပါယ်လွတ်ကြောင်း တရားကောင်းကတော့ သူပဲ မဂ်သမ္မာဒိဋ္ဌိပဲ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သို့သော် ခုနကပြောခဲ့တဲ့အတိုင်း မဂ်သမ္မာဒိဋ္ဌိ သူ့အလိုလို မပေါ်နိုင်တာလဲ သိလောက်ပါပြီ . . . ဝိပဿနာ သမ္မာဒိဋ္ဌိက ရှင်းပြီး လင်းပြီး တက်ထိုင်တာပါ သူက. . . အကြမ်းတွေ အကုန်ထွင် ပြီးမှ အနုလေး လာတက်ပြီး အသားယူတာပါ . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် မဂ်သမ္မာဒိဋ္ဌိ ဖြစ်တဲ့အခါမှာ ခန္ဓာကိုယ်ထဲမှာ ဘယ်လို ကြုံတတ်ဆုံတတ်တယ်ဆိုတာ အလုပ်သမားတွေ အတွက် ပြောလိမ့်မယ် . . . (မှန်ပါ့)။

## မဂ်သမ္မာဒိဋ္ဌိ

ပထမဖြစ်ပျက်တွေ မနေ့က ဦးခင်မောင်တို့ သင်ခဲ့တယ် နော်၊ ဦးဘအုန်းတို့ ခင်ဗျားတို့ အလုပ်သမားတွေမှာ ကြပ်ကြပ် သတိထားပါ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်နေတုန်းကတော့ ဖြစ်ပျက် တွေချည်း မြင်တယ်။

နောက် မဂ်သမ္မာဒိဋ္ဌိ ဝင်လာတဲ့အခါကျတော့၊ ဖြစ်ပျက် တွေ မမြင်ဘဲနဲ့ ဖြစ်ပျက်ချုပ်တာကို မြင်နေတယ် . . . ဟုတ် ပလား . . . (ဟုတ်ပါတယ်ဘုရား)၊ ဝိပဿနာ သမ္မာဒိဋ္ဌိက ဘာမြင်တုံး . . . (ဖြစ်ပျက်မြင်ပါတယ်ဘုရား)။

အင်း-မဂ်သမ္မာဒိဋ္ဌိက သူ့အစဉ်အတိုင်း တက်သွားတော့ ဘာမြင်တုံး . . . (ဖြစ်ပျက်ချုပ်ပါတယ် ဘုရား) ဖြစ်ပျက်ချုပ်တာ ဖြစ်ပျက်မရှိတာကို မြင်တာ သဘောကျပလား . . . (ကျပါတယ် ဘုရား)။

ဖြစ်ပျက်တွေ ချုပ်ငြိမ်းရုပ်သိမ်းသွားပေ့ါလို့ သိတာ အဲဒါ

နိရောဓသစ္စာလို့ မှတ်လိုက်တာပေါ့ . . . (မှန်ပါ့) ဒုက္ခနိရောဓော လို့ မှတ်လိုက်စမ်းပါ။

ကောင်းပြီ၊ ဒါဖြင့် သူတို့ နှစ်ခုကလဲ အမြင်မတူပါလား ဆိုတာ ပေါ်လာတယ် . . . မပေါ်လာဘူးလား (ပေါ်လာပါ တယ်ဘုရား) ဝိပဿနာ သမ္မာဒိဋ္ဌိက ဖြစ်ပျက်ကိုမြင် . . . မဂ် သမ္မာဒိဋ္ဌိက မမြင်ဘူး၊ မြင်သေးလား . . . (မမြင်ပါဘုရား)။

ဖြစ်ပျက်ချုပ်တာကို သူမြင်တယ်၊ ဩော်-ဖြစ်ပျက်ချုပ် တာ ဘာပါလိမ့်တုံးဆိုတော့ နိဗ္ဗာန်ပေါ့ဗျာ၊ ဩော်-ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ကိုမြင်တဲ့မဂ် လာလို့ရှိရင်၊ ဘယ်လိုများ ခန္ဓာ ကိုယ်ထဲ ဖြစ်တတ်သလဲလို့ မေးတဲ့အခါကျတော့-

## မဂ်စစ်လာရင်ခန္ဓာကိုယ် ဘယ်လိုဖြစ်တတ်သလဲ

ဒကာ ဒကာမတွေကလဲ ရောက်အောင်အားထုတ် နေကြတဲ့ ပုဂ္ဂိုလ်တွေလဲ ဖြစ်တယ်၊ ရလို့ရှိရင်၊ ဩော်-သူဒီလို အဖြစ်မျိုးဟာ ကြုံတတ် ဆုံတတ်တယ်ဆိုတာ အဋ္ဌကထာက ဆိုထားတဲ့အတွက် ခင်ဗျားတို့ သတိထားစရာ ပါလာတယ် . . . (ပါ-ပါတယ်ဘုရား)။

ဘယ်လို ပါလာပါလိမ့်မတုံးလို့ မေးတဲ့အခါ ဝိပဿနာ သမ္မာဒိဋ္ဌိကနေပြီးသကာလ ဖြစ်ပျက်တွေမြင် မြင်ရာကနေ

ဖျတ်ဆို ဖြစ်ပျက်မမြင်တဲ့ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ဘက်ကို မြင်လိုက်ပါရောတဲ့။

ကျုပ်တို့ ခင်ဗျားတို့ သန္တာန်မှာတဲ့ တစ်ခါတည်း ခန္ဓာကိုယ်ထဲမှာ ရေအိုးတစ်ထောင်နှင့် လောင်းလိုက်သလို အကုန်လုံးအေးစိမ့်ပြီး သကာလ သွားသလို အပူဓာတ်တွေ ဟူသရွေ့ အကုန်ငြိမ်းသွားတဲ့ သဘောမျိုး ခန္ဓာတစ်ခုလုံးမှာ အကုန်ပေါ်တတ်တယ် . . . သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ခန္ဓာကိုယ်တစ်ခုလုံးမှာ . . . အအေးဓာတ်တွေ အကုန်စုပြုံပြီးသကာလ ပေါ်တတ်တယ်လို့ လာတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား) ခန္ဓာကိုယ် တစ်ခုလုံးမှာ။

အအေးဓာတ်စုပြီးသကာလ အအေးချည်း ကျန်ရစ်တယ်လို့ ထင်တယ် . . . ဘာမှမရှိတော့ဘူး၊ ဩော်-ချမ်းသာကာတစ်ခုထဲပဲရှိတော့တာပဲ ဒီလိုထင်တတ်ပါတယ်တဲ့။

သိရီဝဍ္ဎကာ ဃဋသဟာဃံအာသိဋ္ဌ မာနာဝိယ ဟောတိလို့ ဥပရိပဏ္ဏာသ ပါဠိတော်က ရေအိုးတစ်ထောင်နဲ့ လောင်းပြီးသကဲ့သို့ အေးစိမ့်ပြီးသကာလ ခန္ဓာထဲမှာ ခန္ဓာရှိမှန်းမသိဘူး ချမ်းသာတာ သက်သက်ကလေး ဖြစ်နေတယ်။

# ချမ်းသာတာသက်သက်ဖြစ်နေတယ်

ခန္ဓာလဲရှိမှန်း မသိဘူး၊ ချမ်းသာတာ သက်သက်ကလေး ဖြစ်နေဟယ်လို့ ဘုန်းကြီးတို့ ဒကာဒကာမတွေ မှတ်ထားတာပေါ့၊ အဲဒီလို ပေါ်လာလို့ရှိရင် ဩော်-မဂ်စစ်ပဲလို့သာ မှတ်လိုက် . . . သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဒီလိုပေါ်လာရင် . . . (မဂ်စစ်ပါဘုရား) ခန္ဓာလဲ ရှာမတွေ့ဘူး၊ ဒီအချိန်မှာ ရှာချိန်လဲမရှိဘူး၊ ခန္ဓာလဲ ရှာမတွေ့ဘူး၊ တစ်ခါတည်း နေရ, ထိုင်ရတာလဲ အေးချမ်းပြီး သကာလ နေ တော့တာပဲ ဘာရှိမှန်းကိုလဲ မသိဘူး . . . ။

အလေးအပင်ဆိုတာ နာတာ, ကျင်တာ, ကိုက်တာ, ခဲတာလဲမရှိဘူး၊ ဟိုစိတ်ကူး ဒီစိတ်ကူးလဲမရှိဘူး၊ ဒီသက်သက်တဲ့ အေးငြိမ်းနေတဲ့ သဘောလေးတင်ပဲရှိတာပဲ၊ ဒီပြင် ဘာမှ မရှိဘူး. . . ။

သဘောကျပြီလား . . . (ကျပါပြီဘုရား) အင်မတန် ပူအိုက်နေတဲ့အခါ ရေအိုးတစ်ထောင်နဲ့ လောင်းလိုက်တဲ့အခါကျ တော့အအေးချည်းကျန်ရစ်သလို ဒီမှာလဲ ခန္ဓာထဲမှာ ဝန်လေးတာ မှန်သမျှ ဘာမှမရှိဘဲနဲ့ ဝန်ပေါ့ သက်သက်ချည်း ဖြစ်သွားတယ်။ ဝန်ပေါ့သက်သက်ချည်းဖြစ်သွားလို့ရှိရင်ဖြင့် နိဗ္ဗာန်လဲမြင်တယ်၊ နေရတာလဲ ဝန်ပေါ့နေတယ်လို့ ဆိုလို့ရှိရင်ဖြင့် ဒုက္ခချုပ်သွားတာ

လဲ ကိုယ်သိလိုက်တယ် . . . (မှန်ပါ့ဘုရား)

ဝန်ကလဲ ခန္ဓာကိုကြည့်လိုက်တဲ့အခါဘာမှ မရှိဘူးထင်လို့တစ်ခါတည်းပေါ့ငြိမ်း သိမ်းသွားလို့ရှိရင်လဲ ဩော်- ဒါမဂ်စစ်ပဲလို့ ဆုံးဖြတ်ချက်ချပါ . . .၊ သဘောပါရဲ့လား . . . (ပါ,ပါတယ်ဘုရား)။

အဲ- ဒုက္ခချုပ်တာလဲ မြင်တယ်နော်၊ ခန္ဓာရှိမှန်းလဲ မသိတော့ဘူး . . .၊ အဲဒီကဲ့သို့ မသိခြင်းသည်ကား ဆိုလို့ရှိရင်ဖြ ဒကာဒကာမတို့ မဂ်စစ်ပေါ်တဲ့ အချိန်လို့မှတ် . . .။

ဘယ့်နှယ်ကြောင့် အေးချမ်းသွားပါလိမ့် မလဲင ဦးခင်မောင်၊ ဦးဇံရင်တို့က မေးလို့ရှိရင်ဖြင့် နဂိုကဒိဋ္ဌိတည်း သော အပူဓာတ်၊ အလောင်ဓာတ်က အမြဲတမ်း လောင်နေ ဝိပဿနာမဂ်နဲ့ ပယ်ထားတာတောင် သူက အတွင်းမှာမီးစငေ သဘောရှိသေးတယ် . .။

သူရှိတော့ ဝိစိကိစ္ဆာကလဲရှိ၊ ရှိတော့ သူနဲ့ သဟဇာ ဖြစ်တဲ့ ကိလေသာ အဖော်တွေကကော . . . (လာပါတ ဘုရား)။

## အပူဓာတ်ငြိမ်းသွားတယ်

အကုန်ရှိနေတာကွ၊ သူရော, သူတို့နှင့် အ

ဖြစ်တာတွေရော၊ အကုန်ချုပ် ငြိမ်းသွားတော့၊ ဒီအပူခေတ် ငြိမ်းတယ်လို့မှတ်လိုက်စမ်းပါ . . .၊ သဘောကျပလား . . . (ကျပါ တယ်ဘုရား) ။

အပူခေတ်တွေ ငြိမ်းသွားသည် ဒကာဒကာမတွေ အဲဒီ အငြိမ်းတစ်ခုရလို့ရှိရင်ဖြင့် ခင်ဗျားတို့ ဘယ်လိုပဲနေနေ၊ ဘယ် လိုပဲထိုင်ထိုင် ဘုန်းကြီးတို့က အပြစ်မဆိုတော့ဘူး . . . ။

ဘာဖြစ်လို့တုံးဆိုတော့ ငရဲမျိုးစေ့ ဝမ်းထဲမရှိလို့ အေး ငြိမ်းသွားတာ . . .၊ သဘောကျပလား . . . (ကျပါတယ် ဘုရား)၊ ဘာမရှိလို့ . . . (ငရဲမျိုးစေ့ မရှိလို့ပါဘုရား) ။

## ငရဲမျိုးစေ့မရှိလို့

ငရဲမျိုးစေ့မရှိလို့ ဝမ်းထဲအေးငြိမ်းသွားတဲ့ ၊ ဝမ်းသာ သွားတဲ့ ရေအိုးတစ်ထောင်နဲ့ လောင်းသလို တစ်ခါတည်း အအေးခေတ်သာ ကျန်ပြီးသကာလ ခန္ဓာရယ်လို့ ရှာမတွေ့ ဘူး၊ တစ်ခါတည်းပေါ့ပါးတဲ့သဘောမျိုးသာ ရှိပြီးသကာလ နေတော့ ဩော် - ဒါသည် တခြားလား အောက်မေ့တယ်၊ ကိလေသာ အပူခေတ်၊ အလောင်ခေတ်တွေ ငြိမ်းသတ်သွား တာလို့ ဒါပဲမှတ်လိုက်ရတယ်. . .

သဘောကျပလား. . . (ကျပါတယ်ဘုရား) ကိလေသာ အပူခေတ်၊ အလောင်ခေတ်တွေ ငြိမ်းသတ်ပြီး သကာလ

သွားတော့တယ်ဆိုတာ ရှင်းပလား. . (ရှင်းပါတယ်ဘုရား)၊ ဒါကြောင့် ဒကာဒကာမတို့ အမြင်ကလဲ နိဗ္ဗာန်ဟုတ်လား. .။

အတွင်းသိနေတဲ့ ဉာဏ်ကလဲ အေးတဲ့ဉာဏ်. . . အမြင်ကနိဗ္ဗာန်၊ အတွင်းသိနေတဲ့ ဉာဏ်ကလဲ အေးတဲ့ဉာဏ်၊ အဲဉာဏ်လေးပဲကျန်ရစ်တော့တယ်၊ ဒိဋ္ဌိပြင်ဘာမှ မကျန်ရစ်တော့ဘူး. . .။

ဒါကြောင့်-နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ဘုရားကနိဗ္ဗာန်လာရင်တော့ကွာ၊ မဂ်ကျန်တော့တာ ဒိဋ္ဌိပြင် ဘာမှမရှိပါဘူးလို့ ပြောတာတဲ့. . . သဘောကျပလား . . . (သဘောကျပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာဒကာမတို့သည် ဒီနေ့ အတော် ကျေးဇူးများတဲ့နေ့ပါလား၊ ဒို့အလုပ်စဉ်မှာလဲ ဒီအတိုင်း လုပ်သွားလို့ရှိရင် ဒီနေရာရောက်ထိုက်တဲ့ နေရာဟာ၊ ရောက် တော့မှာပဲ လမ်းဆုံးအောင် သွားလို့ရှိရင် ဘယ်နည်းနဲ့မှ မရောက်မရှိပါဘူး၊ ဒီကနေ့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ကျိုးထောင့်ကသာသွား နာရီစင်ဆိုတာ မရောက်ဆိုရင် ဘုန်းကြီးကိုဆိုပေါ့။

**တည့်တည့်သာလျှောက်ပါ ကွေ့ကောက်မနေနဲ့**

ကျိုးထောင့်ကသာ အနောက်လျှောက်ပါ. . .

(နာရီစင် ရောက်ပါတယ်ဘုရား) နာရီစင် မတွေ့ဘူးဆိုရင် ဘုန်းကြီးအပြစ်ပေါ့ဗျာ. . . တည့်တည့်သာလျှောက် ခင်ဗျား တို့က ကွေ့ကောက်မနေနဲ့အုံး. . . ရိပ်မိပြီလား. . . (ရိပ်မိ ပါပြီဘုရား)။

မကွေ့မကောက်ဘဲနဲ့ မဂ္ဂင်ဆိုတာ အဖြောင့်လို့ပြော ထားတာတော့ ဒီလမ်းအတိုင်းသာ သွားလို့ ဒီဖြစ်ပျက်ချည်း သာရှုသွား၊ မတွေ့တော့မရှိ ဒီနိဗ္ဗာန်. . .

သဘောပါပလား. . . (သဘောပါပါတယ်ဘုရား)၊ အဲဒါဝေးသလား, နီးသလား အဖြောင့်သွားဖို့ အရေးကြီး သလားဆိုတာ စဉ်းစား. . . (အဖြောင့်သွားဖို့ အရေးကြီး ပါ့ါတယ်ဘုရား)။

နီးတာကတော့ သေချာတယ်, မသွားလို့ ခက်တယ်. . နီးတာကတော့. . . (သေချာပါတယ်ဘုရား)။ အဖြောင့် မသွားလို့. . . (ခက်ပါတယ်ဘုရား)၊ အဖြောင့်မသွားလို့ ဆိုတဲ့ ဥစ္စာ ဒကာဒကာမတွေက နည်းနည်းတော့နားထောင်ကြရ လိမ့်မယ်. . .

အဖြောင့်မသွားလို့ ဘုန်းကြီးက အပြစ်တင်တယ်လို့ ဘုန်းကြီးက အပြစ်တင်တတ်လို့, တင်တာလို့ ဒီလိုဆိုရင်လဲ ဆိုကြလိမ့်မယ်. . . ။

မဟုတ်ဘူးတဲ့ ခင်ဗျားတို့လုပ်နေရင်းမတ္တနဲ့ တစ်ခါ

တည်း သားစိတ်၊ သမီးစိတ်၊ ဆွေစိတ်၊ မျိုးစိတ်၊ အရောင်းစိတ်၊ အဝယ်စိတ်၊ ပူစိတ်၊ ဆွေးစိတ်တွေ ဝင်လာလို့ရှိရင် မဂ္ဂင်က အဖြောင့်သွားတာမဟုတ်တော့ဘူး. . . (မှန်ပါ့) ကောက်ကွေ့သွားပြီ။

ဦးဘအုန်း ကိလေသာဝင်ကောက်တာကိုးဗျ. . . သဘောကျပလား. . . (သဘောကျပါတယ်ဘုရား)၊ အဲဒီတော့ အဖြောင့်မသွားလို့ရှိရင်တော့ မရောက်ဘူးလို့ ပြောသားပဲ. . .

ကိလေသာဝင်ကောက်လိုက်ရင် ဦးဘတင်ဘယ့်နှယ်တုံး. . . (မရောက်ပါဘူးဘုရား)။ မရောက်နိုင်တော့ဘူး ဦးခင်မောင်ရ . . .။

ကိလေသာကလဲ သူက ဒီလမ်းသွားတယ် ဆိုပေမယ့်လဲ ဒီဟာလေး ယူသွားပါဦးလားဆိုတာ သူက အလာကြီးဗျ့. . .။

မိန်းမတွေ သွားမယ်ကြံလို့ရှိရင် အလွယ်တကူနဲ့ အိမ်က ထွက်ဖြစ်သလား၊ ဆွဲခြင်းနဲ့အပြည့်ထည့်ပြီးမှ အိမ်က ထွက်ဖြစ်သလား၊ ဒါစဉ်းစားကြည့်. . . မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား)။

အလွယ်တကူထွက်ဖြစ်ကဲ့လား. . . (မထွက်ဖြစ်ပါဘုရား) မထွက်ဖြစ်ပါဘူး ရှုပ်လိုက်တာပွေလို့. . . သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဒီအတိုင်းပါပဲ၊ အလုပ်ကလေး လုပ်မယ်ကြံလို့ရှိရင်ဖြင့် ဒကာဒကာမတွေ ဘာမှမဟုတ်တဲ့ စိတ်တွေက ကြားခိုလာပါတယ်. . . မလာဘူးလား. . . (လာ ပါတယ်ဘုရား)။

အဖြောင့်သွားလား၊ အကောက်သွားလား. . . (အကောက်သွားတာပါဘုရား) အို-အကောက်သွား ဆိုလို့ရှိရင် ဒကာဒကာမတို့ ရှိပေမယ့် မရောက်ဘူး. . . ရှိပေမယ့်. . . (မရောက်ပါဘုရား)၊ အဲဒါနိဗ္ဗာန် မရှိလို့ မရောက်တာလား၊ ဟုတ်လား၊ အကောက်သွားလို့ မရောက်တာလား (အကောက် သွားလို့ မရောက်တာပါဘုရား)။

ကဲ-ဒါဖြင့် ဒို့နောက်တုန်းက ဘယ်လို နေခဲ့ထိုင်ခဲ့ကြ တယ်ဆိုတဲ့ဥစ္စာ ကိုယ့်အကြောင်းကို သိရော့ပေါ့ဗျာ. . . ဘယ်လိုများ သိကြတုံး. . . (အကောက်သွားလို့ပါဘုရား)။

အကောက်ချည်း သွားခဲ့ကြတယ်ဆိုတာ ပေါ်လာ တယ်. . . ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဘယ်လို သွားခဲ့ ကြတုံး. . . (အကောက်ချည်း သွားခဲ့ပါတယ်ဘုရား)၊

ရော-မြွေမျိုးတွေများ ဖြစ်နေကြရော့လား ခင်ဗျားတို့ ဒီအတိုင်း သွားခဲ့ကြတယ်ဆိုတဲ့ အဓိပ္ပါယ် ရှင်းနေတယ် နော်. . . မယုံရင် သွားကြည့်ပါ ခင်ဗျားတို့ ဟောဒီအိမ်က ထွက်ကြည့်၊ အင်း-ဘယ်သူမပါသေးဘူး၊ ဘာများ မေ့ကျန်

ရစ်နေပါလိမ့် ဟော-ပြန်ကောက်တာပဲ။

မကောက်ဘူးလား ကောက်လား. . . (ကောက်ပါတယ်ဘုရား)၊ ကောက်သေးတာပဲ ဒကာဒကာမတို့ရ အင်း-သွားလာတယ်ဆိုကြလို့ရှိရင် ရှေ့သွားနောက်ကြည့်ဆိုတာလဲ ခင်ဗျားတို့က သင်ထားသေးတယ်. . .။

ကောက်ဖို့ရာကို သင်ထားတယ် တောက်လျှောက် တစ်ခါတည်း တစိမ်းထွက် ထွက်မသွားရဘူးကိုး. . . ဦးခင်မောင်ဒီလိုမျိုး သင်ဘူးသေးလား. . . (သင်ဖူးပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားလဲ အကောက်ထဲကပဲ နေမှာပဲ. . . ရှင်းပလား. . . (ရှင်းပါတယ်ဘုရား)။

ဒကာဒကာမတို့ အဲဒီတော့ကို ခင်ဗျားတို့၊ ကဲကွာ ၇-ရက်တိတိ ဘုရားထဲသွားပြီး သကာလ ကျောင်းထဲ သွားပြီး လုပ်ပါတော့မယ်ဟေ့- အမေသေလဲ မလာနဲ့၊ အဖေသေလဲ မလာနဲ့၊ မင်းတို့သေလဲ ငါ့လာအကြောင်းမကြားနဲ့ဆိုတဲ့ လူက အတော်ရှားတယ်. . . (ရှားပါတယ်ဘုရား)။

မရှားဘူးလား. . . (ရှားပါတယ်ဘုရား)။ ဘာဖြစ်လို့ တုံးဆိုလို့ရှိရင် ဟေ့. . . ကျန်းကျန်းမာမာရှိတုန်း သွားလိုက် အုံးမယ် သွားထဲကိုက ကျန်းကျန်းမာမာရှိတုန်း မကျန်းမာရင် ပြန်လာမယ်ဆိုတာ ပါနေတယ်၊. . .။

အစိပ္ပါယ်က ရှင်းနေတယ်၊ အကောက်က နဂိုကပါ

နေတာ. . . (ပါနေပါတယ်ဘုရား)၊ မပါဘူးလား. . . (ပါ,ပါတယ်ဘုရား)။

အဲဒီတော့ ရောက်ပါ့မလားလို့မေးတယ်. . (မရောက်ပါဘုရား) အဲဒါဒီမရှိလို့ မရောက်တာလား ကောက်ကွေ့နေလို့ မရောက်တာလား. . . (ကောက်ကွေ့နေလို့ မရောက်တာပါဘုရား)။

## ဘုရားလမ်းပြတာက မမှားပါဘူး

အေး-ကောက်ကွေ့နေလို့ မရောက်တာ ဘုရားလမ်းပြကတော့ မမှားပါဘူး. . . (မမှားပါဘုရား)၊ ဦးခင်မောင် ဘုရားများ စွဲချက်တင်ချင်သေးလား. . . (မတင်ပါဘုရား)။

ဘုရားက နိဗ္ဗာန်အလွယ်လေး မနက်လုပ် ညနေရမယ် ဆိုပြီး ဒို့ဖြင့် ကြာလှပြီ လုပ်နေတာ ၇-ရက်ကို မရဘူးလို့ ဘုရားများစွဲချက်မတင်လိုက်ပါနဲ့. . . (မတင်ပါဘုရား)။

ကိုယ်ကောက်တာကိုသာ စွဲချက်တင်ပါ ဆိုတာကို ဦးဘတင်ပြောထိုက်, မပြောထိုက်. . . (ပြောထိုက်ပါတယ်ဘုရား) ကိုဘရွှေသဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့၊ နိဗ္ဗာန်မရှိလို့ မရောက်တာလား. . . အကောက်သွားနေလို့ မရောက်တာလား. . . (အကောက်သွားနေလို့ မရောက်တာပါဘုရား)။

အကောက်သွားဆိုတာဖြင့် ကောယနော အယံ ဘိက္ခုဝေမဂ္ဂေါ၊ မဂ္ဂေါ-မဂ္ဂင် လမ်းမတော်ကြီးသည်၊ (ဝါ) ဖြစ်ပျက်ကို လုပ်တဲ့ အလုပ်ကြီးသည် ကောယနော-တစ်ကြောင်း တည်းနဲ့ နိဗ္ဗာန်ဆိုက်၏. . .

မဂ္ဂင်ဖြစ်ပျက်သာ လုပ်နေတဲ့ မဂ္ဂင်ဟာ နိဗ္ဗာန် ထိအောင် ဆိုက်တာပဲတဲ့. . . ဖြစ်ပျက်ကြားမှာ ခင်ဗျားတို့ သားကိစ္စ, သမီးကိစ္စ, ဆွေကိစ္စ, မျိုးကိစ္စတွေ ဝင်ကြားထိုးလို့ ရှိရင်တော့ဖြင့်တဲ့ သူက တစ်ကြောင်းတည်းမှ မဟုတ်တော့ အကြောင်းအများကြီး ပေါ်လာ. . . မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)၊ အဲဒီလိုဆိုတော့ နိဗ္ဗာန်ရောက်နိုင်စရာ ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

## ညအားထုတ် မနက်ရတယ်

ဒါဖြင့် ဘုရားကလဲ လုပ်တာလုပ်ကြဟော့-အရေအတွက် မရှိဘူး နှစ်အကန့်အသတ်တောင် မဆိုပါဘူး၊ မင်းတို့ကွာ၊ ဆရာကောင်း သမားကောင်းနဲ့ တွေ့မယ်ဆိုလို့ရှိရင်ဖြင့် ည အားထုတ်မနက်ရပါတယ်ဆိုတာ ညနေနဲ့ မနက်ကြားလေး ကောက်ချင်သေးတယ်ဆို ဘယ်တတ်နိုင်တော့မတုံး. . . ။

မဟုတ်ဘူးလား ဦးဇံရင်၊ ညနေနဲ့ မနက်ကြားတောင် မလိုချင်ဘူး ကောက်ချင်သေးတယ်. . . ဒီလောက်. . . (ဆိုးပါတယ်ဘုရား)။

သေသေချာချာ အလုပ်ခွင်ဝင်ကြည့်တော့မှ ကိလေသာလောက် ကောက်ကျစ်တဲ့ သဘောရှိတာ ရှာမတွေ့ဘူး. . တွေ့ကြသေးရဲ့လား. . (မတွေ့ပါဘုရား)။

ကိလေသာ ဘယ်လောက်ထိအောင် ကောက်တယ်ဆိုတာဟာ ဒကာဒကာမတွေ ဝိပဿနာအလုပ် လုပ်မယ်ကြံလို့ရှိရင် လုပ်တာတော့ လုပ်တာပေါ့ဆိုတော့ ခွင့်ပြုသလိုလိုပဲ. . . မဟုတ်ဘူးလား. . (ဟုတ်ပါတယ်ဘုရား)၊

အားလုံးကျန်းမာတော့ သွားတာပေါ့၊ အကန့်ကပါလာတယ် ဦးဘအုန်း ဘယ့်နှယ်ပြောမတုံး. . (အကန့်ကပါလာပါတယ်ဘုရား)။

အကန့်ပါတယ်ဗျ၊ ငါဝိပဿနာ အလုပ်သွားမယ်ဟေ့ ဦးခင်မောင်ကပဲ မနှင်းအေးတို့ပြောတယ်ဆိုပါတော့ အားလုံးကျန်းမာတော့ သွားတာပေါ့ဆို၊ အကောက်ဘယ့်နှယ်နေတုံး (ပါ-ပါတယ်ဘုရား)၊ မပါဘူးလား. . (ပါ-ပါတယ်ဘုရား)။

အဲဒီလိုကျအောင် သူကနေရာတိုင်းပါတယ်. . . (မှန်ပါ့)၊ တစ်နည်းအားဖြင့်လဲ ကိုယ့်စိတ်ကူးထဲမှာ ကိုယ်ကကူးကတည်းကိုက အားလုံးအကြောင်း ညီညွတ်တဲ့ အချိန်တော့ လုပ်မယ်ဟေ့- သွားပကောဗျ၊ ကိုယ့်စိတ်ကူးထဲမှာ အကြောင်းညီညွတ်မှု၊ ဘယ်သူမှအကြောင်း ညီညွတ်မှာ မဟုတ်ဘူး၊ ဒီတစ်အိမ်လုံးမှာ. . . ညီညွတ်စရာရှိသေးရဲ့လား (မရှိပါဘုရား)။

အဝတ်လိုလာတယ်၊ အစားလိုလာတယ်၊ ညှော်ရောက်လာတာရယ်၊ ဥတုရာသီက ဆိုးရွားလာ၊ မိုးကများ လာတာရယ် ဆောင်းကဝင်လာတာရယ် ရှုပ်နေတာပဲ ဘယ်တော့များ အားသေးတုံး. . (မအားပါဘုရား)။

ဒါဖြင့် အကောက်တရားတွေ အကုန်ဝင်မလာပေဘူးလား. . . (လာပါတယ်ဘုရား)။ အဲဒါကြောင့် ဒကာဒကာမတို့ နိဗ္ဗာန်ဟာ ဝေးလို့မရောက်တာလား ဦးခင်မောင်. . (မဟုတ်ပါဘုရား)။

ဘုရားက နိဗ္ဗာနသဘော သန္တိကေ၊ သန္တိကေ-အနီးလေးကွ၊ ခန္ဓာကိုယ် ဖြစ်ပျက်၊ ဒီဖြစ်ပျက်ချုပ်တဲ့ နေရာဟာ နိဗ္ဗာန်ပဲ မဟုတ်လား. . . (ဟုတ်ပါတယ်ဘုရား)။

တစ်လံမျှလောက်သော ခန္ဓာကိုယ်၏ အဆုံးဆိုတော့ တစ်လုံတစ်လက်မတောင် မရှိပါဘူး. . . (မရှိပါဘုရား) ရှိရဲ့လား. . . (မရှိပါဘုရား)၊ မရှိဘူးဆိုတော့ ဝေးသလား၊ နီးသလား. . . (နီးပါတယ်ဘုရား)၊ နီးတယ်လို့ကော ဘုရားက မဟောဘူးလား. . . (ဟောပါတယ်ဘုရား)။

သံယုတ်ပါဠိတော်မှာ သေသေချာချာ ဟောပါတယ်တဲ့၊ နိဗ္ဗာနသဘော သန္တိကေ သေသေချာချာ သန္တိကေ ဆိုတာ အနီးလေးပဲတဲ့။

ကဲ-ဒါဖြင့် ဒကာဒကာမတို့၊ နိဗ္ဗာန်ဝေးနေလို့ မရောက်

တာလား ကောက်နေလို့ မရောက်တာလား. . . (ကောက်နေလို့မရောက်တာပါဘုရား)၊ ဒါဖြင့် ဒကာဒကာမတို့ ကောက်ကျစ်သဘောလေး ကောက်ချင်တဲ့ စိတ်ကတားနေတယ် တားတဲ့စိတ်ဖြစ်ပျက်ရှု. . .။

ကောက်ကျစ်တဲ့ ကိလေသာ မင်းတို့ကောက်ကျစ်၊ မင်းကောက်ကျစ်တဲ့စိတ်ကို ဒို့က ဖြစ်ပျက်ရှုမယ်ဟေ့လို့ ဆိုပြီး သကာလ အကုန်သာလုပ်ပါ၊ ကဲ-ရပါတယ်. . .။

ဒီလိုဆိုတော့ အကန့်အကွက်ဆိုမလား ဝိပဿနာ အားပေးလာတယ်လို့ဆိုမလား. . . (မဆိုပါဘုရား) ခင်ဗျားတို့က ဒီဥစ္စာကျတော့ သူ့စကားချည်း နားထောင်တယ်၊ သူက နည်းနည်းတော့ ဆိုင်းဖို့ကောင်းသေးတယ်၊ သိပ်လဲ ကိုယ်ကျတော့ အကန့်အကွက် ဖြစ်မှာမဟုတ်ပါဘူး။

သူက နည်းနည်းစပြီးတော့မှ တောက်လျှောက် ကန့်ကွက်တားမြစ်တာ. . . ဦးခင်မောင် ရိပ်မိပလား. . (ရိပ်မိပါပြီဘုရား) တားတာ အစကတော့ ဘာတုံး. . . (နည်းနည်း စ,တာပါဘုရား)။

နည်းနည်းပဲ တော်တော်ကြာတော့ ကန့်သတ်ရက် ရှိသေးလား. . . (မရှိပါဘုရား) အဲဒီလို ဖြစ်ဖြစ်သွားတယ်၊ ကြံစည်ထားတာကတော့ အတည့်သားပဲ နောက်တော့ ကိစ္စတွေ ကိစ္စတွေ ကိစ္စတွေက သူဟာဆုံးကို မဆုံးတော့ဘူး. . (မဆုံးပါဘုရား)။

ကိစ္စကိုက မဆုံးတော့ဘူး. . . သဘောကျပလား. . (ကျပါတယ်ဘုရား) ဒါဖြင့် ဒကာဒကာမတို့၊ ကောက်ကျစ်ဘဝထဲမှာ ဒီပြင်ဟာ ကောက်ကျစ်တယ်ဆိုတာ အသာထား၊ ဒီသမုဒယသစ္စာ တဏှာလောဘလောက် ကောက်ကျစ်တာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သဗ္ဗညုတ ဉာဏ်တော်နဲ့ရှာ တွေ့ကိုမတွေ့ဘူး၊ သူ့အကောက်ဆုံးပဲတဲ့. . . သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဘယ်လို ကောက်ကျစ်သတုံးလို့ မေးတဲ့အခါကျတော့ ဦးခင်မောင် ခင်ဗျားတို့ ကြည့်ပါလား နိဗ္ဗာန်ရောက်ရပါလို၏။ ဘာလေးလျှုလျှု နိဗ္ဗာန်မရမီစပ်ကြားထဲကွ. . . သူဝင်ကောက်တယ်. . . သူဝင်ကောက်တယ်. . .၊ မကောက်ဘူးလား. . .။

ကဲ-ဒါဖြင့် ရောက်ပါအုံးမလား. . . (မရောက်ပါဘုရား) မရောက်သေးဘူးထဲ့၊ သူဝင်ကောက်ပကော. . . ကဲ ရှေ့၊ အင့်ဆိုပြီး သကာလ သဒ္ဓါတရားလေးနဲ့ ပေးလိုက်တယ် နိဗ္ဗာနပစ္စယော ဟောတုဆိုပြီး မပေးလိုက်ဘူးလား. . (ပေးလိုက်ပါတယ်ဘုရား)။

ပေးလိုက်ပေမယ့် ဒီပစ္စည်း ကောင်းကောင်းမှ သုံးပါ့မလားဆိုပြီး မစ္ဆေရ ဝင်လာတယ်. . . တွန့်ပြီ ကောက်ပြီ ကြားက ဝင်ဝင်ကောက်တာနဲ့ ဦးဘအုန်းရေ နေရာကျသေးရဲ့လား. . . (မကျပါဘုရား)။

ဖြောင့်ဖြောင့်ကော သွားသေးရဲ့လား. . . (မသွားပါဘုရား) အင်း-ဖြောင့်ဖြောင့်ဆို မသွားတော့ဘူး ဆိုတဲ့ဥစ္စာ ဒကာဒကာမတို့ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဟင်း-ဒီသားတွေ, ဒီသမီးတွေ, မယားတွေက ကောင်းကောင်းမွန်မွန် ချက်ကျွေးပြုန်လို့ရှိရင်လဲ သဒ္ဒါလို့ ချက်ကျွေးတာကို မင်း-ငါ့ပစ္စည်းကုန်ပြီဆို ကောက်ချင် ကောက်နေတာ။

မလာဘူးလား. . . (လာပါတယ်ဘုရား) ငြိမ်ငြိမ်လေး ဝင်ကောက်နေတာ၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အဲဒီတော့ကို တစ်ခါတလေတော့ သဒ္ဒါတရားကောင်းလို့ကြည်ညိုတယ်၊ တစ်ခါတလေကျတော့လဲ ကုန်ချည်ရဲ့ ဆိုပြီး သကာလ။

စားလို့တော့ ကောင်းပါရဲ့ ဝမ်းထဲက ကောက်နေချင် ကောက်နေတယ်. . . မကောက်ဘူးလား. . . (ကောက်ပါတယ်ဘုရား)။

အတော် မဆိုးဘူးလားဗျာ. . . (ဆိုးပါတယ် ဘုရား)။ ကိလေသာလောက် ကောက်ကျစ်တာ ရှာတွေ့သေးရဲ့လား. . . (မတွေ့ပါဘုရား)။

မတွေ့တော့ပါဘူးတဲ့၊ ဒကာ ဒကာမတို့ ဒီအဝတ်ကလေးကို အခုဝတ်နေတယ်၊ နက်ဖြန် မကြိုက်ဘူး ကောက်ချင် ကောက်နေတယ်. . . ။

ဒီနေ့တော့ ဒီအဝတ်ကြိုက်တယ်၊ နက်ဖြန်ကျတော့ (မကြိုက်ပါဘုရား) ဘာဝင်ကောက်ပြန်သတုံး. . (ကိလေသာ ကောက်ကျစ်ပါတယ်ဘုရား) မနေ့က သူကြိုက်လို့ဝယ်ထားပေး. . . . ။

ဒီနေ့မကြိုက်ပြန်ဘူးဆိုတော့ ဒေါသ ကိလေသာက ဝင်ကောက်ကျစ်တာ မနေ့က လောဘ ကိလေသာကြောင့် ပိုက်ဆံကုန်တယ်. . . ဒီနေ့ ဒေါသ ကိလေသာက မဝတ်ချင်ဘူးဖြစ်. . . ။

ဘယ်အားသေးတယ်လို့ ရှိသေးရဲ့လား. . . (မရှိပါဘုရား)။ အဲဒီလောက်တည့်အောင် အဖြောင့်သွားဖို့ရာကို အကောက်ကိလေသာ ဒီလောက်ရှုပ်ဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ နိဗ္ဗာန်ဝေးလို့ မရောက်တာ လား ကိလေသာ ကောက်ကျစ်လို့ မရောက်တာလား . . . (ကိလေသာကောက်ကျစ်လို့ မရောက်တာပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါတယ်ဘုရား)။

ဘုရားကတော့ဖြင့် မနက်အားထုတ် ညနေရမယ်ကွ မနက်အားထုတ်။ မနက်သာဖြစ်ပျက်မြင်ပစေ ကဲ-ညနေတော့ဖြင့် မဂ်မဆိုက်လို့ရှိရင် ငါ့တာဝန် ရှိပါစေ၊ ဘုရားက တာဝန်ကို ခံတယ်၊ ဆရာကောင်း သမားကောင်းနဲ့သာ တွေ့မစေကွာ. . ။

## ဆရာကောင်းနဲ့တွေ့ကြပြီ

အခု ဆရာကောင်းသမားကောင်းလဲ တွေ့ကြပြီ ဒကာ ဒကာမတို့. . . မနက်အားထုတ် ညနေမရတာ ဘာဖြစ်လို့ ပါလိမ့်တုံးလို့ တွေးဖို့ရာ လိုသေးလား. . . (မလိုပါဘုရား)။

ဘာတွေ့ကြတုံး. . . (ကိလေသာ ကောက်ကျစ်တာ တွေ့ပါတယ်ဘုရား) ဘာတွေ့တုံး ကောက်ကျစ်တာ. . . (ကိလေသာ ကောက်ကျစ်တာပါဘုရား)။

ကိလေသာက ဆယ်ပါးတောင်. . . ဒကာဒကာမတို့ တစ်ပါးတည်းက ဝင်ကောက်ကျစ်တာ မဟုတ်ဘူးနော်. . .

ဒေါသကိလေသာကလဲ လောဘော ဒေါသော မောဟော မာနော ဒိဋ္ဌိဝိစိကိစ္ဆာ ထိန မိဒ္ဓ ဥဒ္ဓစ္စ အဟိရိကံ အနောတ္တပ္ပံ ကိလေသာ ဆယ်ပါးတောင်ဗျ. . .။

## ငိုက်တာကလဲ နိဗ္ဗာန်တားတယ်

ဒီထဲက ငိုက်တာလေးကလဲ သူနိဗ္ဗာန် တားပစ်လိုက် တာပဲ. . . ဦးခင်မောင်ရေ ရိပ်မိပလား. . . (ရိပ်မိပါတယ် ဘုရား) သူလဲ ကိလေသာပဲ မဟုတ်လား. . . (ဟုတ်ပါတယ် ဘုရား)။

ကိလေသာဆိုတာ သတ္တဝါတွေကို နိဗ္ဗာန် မရောက်ဘဲ နဲ့ လမ်းမှာ ပင်ပန်းအောင် လုပ်နေတာ ကိလေသာလို့ ခေါ် တယ်. . . ရှင်းပလား. . . (ရှင်းပါတယ်ဘုရား)။

ကိလေသာဆိုတာ နိဗ္ဗာန်မရောက်အောင်လို့ လမ်းခရီးမှာ အိုဘေး,နာဘေး,သေဘေးတွေနဲ့အမြဲကြီးချည်း ပင်ပန်းအောင် လုပ်တာ၊ ဒါဘာခေါ်ကြမယ်. . . (ကိလေသာပါဘုရား)။

## ကိလေသာဆိုတာ

ဩော်-ကိလေသာဆိုတာက ဒကာဒကာမတို့ လိုချင်တာ ရချင်တာ တစ်လုံးမှတ်နေတာ မဟုတ်ဘူး ခင်ဗျားတို့ ပင်ပန်းအောင် လုပ်တာဟူသရွေ့ ကိလေသာချည်းမှတ်. . . ရှင်းပလား. . . (ရှင်းပါတယ်ဘုရား)။

ပင်ပန်းအောင် လုပ်တာဟူသရွေ့. . . (ကိလေသာပါဘုရား) အဲ ကိလေသာချည်းပဲ ဆိုသဖြင့် ဆယ်ပါးသော ကိလေသာတွေက ခင်ဗျားတို့ကို ဝိပဿနာလုပ်ရင်း မတ္တနဲ့ ဦးဘအုန်း တကယ်ကောက်ကျစ်ပြီး တကယ်တားနေတာဗျ. . .။

ဒါ-မာရ်နတ်မင်းတပ် ဆယ်တပ်ဆိုတာ ထည့်မပြောသေးပါဘူး၊ ဒကာဒကာမတို့ ဒီကိလေသာ ဆယ်ပါးကကို ဦးဘတင်ရေ နိုင်ဖို့ဆိုတာ အတော် မခဲယဉ်းပေဘူးလား. . . (ခဲယဉ်းပါတယ်ဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့၊ ကဲ-အဓိဋ္ဌာန် ဒီတစ်နာရီနဲ့ ဒီတစ်နာရီကြားတော့ကွာ ဘာကိစ္စရှိလို့ တားနေနေ တစ်ခါ

တည်း ဒီအလုပ်မှ တစ်ပါး ဘာအလုပ်မှ မလုပ်ဘူးလို့ တစ်နာရီ ကအစ အမိဌာန်၊ နက်ဖြန်ကျ တစ်နာရီနဲ့ ငါးမိနစ်, ငါးမတ် လောက်မိဌာန်လိုက် ဒီလိုချည်းတက်, တက်သွားရင်တော့ ဦးဘအုန်းတို့ရမယ်. . .။

မရပေဘူးလား၊ သူကြားထိုးနိုင်သေးရဲ့လား. . . (မထိုး နိုင်ပါဘုရား)၊ ခုတော့ မိဌာန်ရမှာဆိုတော့ မိဌာန်တာ ကိစ္စမရှိဘူး၊ မလွဲသာတာ ပေါ်လာတာခက်သေး. . . ခင်ဗျားတို့က နဂိုက လျှော့နေပြီ. . .။

မိဌာန်တာကိစ္စထူး မလွှဲသာတဲ့ကိစ္စ ပေါ်လာရင် ဘယ့်နှယ်လုပ်မတုံး. . . (မသိပါဘုရား) ကိလေသာက အစော ကြီးက ကြားခိုနေတာ ထိုးထားတာ ရိပ်မိပလား. . . (ရိပ်မိ ပါတယ်ဘုရား)။

ဘယ်သူက ဝင်ပြောထားတာတုံး. . . (ကိလေသာက ဝင်ပြောထားတာပါ ဘုရား)။ ကိလေသာက အစောကြီးက ဝင်ထားတာ အို-လုပ်ကိုမလုပ်ရသေးဘူး၊ မလွှဲသာတာလား၊ ဘယ့်နှယ်လုပ်မတုံးဆိုတာကလာ. . .။

မခက်ဘူးလားဗျာ့. . . (ခက်ပါတယ်ဘုရား) ပေါ်ကြ ပလား၊ ဒါဘယ်ရန်သူတွေတုံးဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါ တယ်ဘုရား) ကိလေသာ ရန်သူတွေ အဖြောင့်သွားဖို့ရာလား, အဖြောင့်မသွားဖို့ရာ ကန့်ကွက်တာ. . .။

ဒါဖြင့် ဒကာဒကာမတို့ မဂ္ဂင်က ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ၊ ဘိက္ခဝေ-ရဟန်းတို့ မဂ္ဂေါ-မဂ္ဂင်ဆိုတဲ့တရား သည်၊ ကောယနော-တစ်ဖြောင့်တည်းနဲ့ နိဗ္ဗာန်ရောက်ရ၏။ ဖြစ်ပျက်သာရှု တစ်ဖြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်ရမယ်. . . သေသေချာချာ တာဝန်ခံတယ်၊ ဘုရားက သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဲဒီတော့ ဖြစ်ပျက်သာရှု တစ်ဖြောင့်တည်းနဲ့ ရောက်ရ မယ်ဆိုတော့ ကိလေသာဘက်ကနေ ပြောလိုက်ပြန်တော့ ဘယ်လိုပြောတုံးဆိုတော့. . .။

သမုဒယသစ္စံ ပလိဗောဓပစ္စုပဋ္ဌာနံ၊ သမုဒယသစ္စံ သမုဒယသစ္စာဆိုတဲ့ ကိလေသာတရားကို သူနှင့်တကွ အဖော် တရားသည်၊ ပလိဗောဓပစ္စုပဋ္ဌာနံ ထွက်ရာလမ်းကြီး မဂ်ခရီးကို တားဆီးနှောင့်ယှက် ကန့်ကွက်တတ်၏၊ သူကတော့ ကန့်ကွက် ဖို့ပဲ. . . ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

## အနီနဲ့အဝါထည့်ချင်ဒါထည့်ကြ

မဂ်ကတော့ တစ်ဖြောင့်တည်းပို့ဖို့၊ ကိလေသာက. . . (ကန့်ကွက်ဖို့ပါဘုရား)၊ အဲဒီတော့ ခင်ဗျားတို့ ဘယ်ဘက်မဲ ထည့်ကြမတုံး. . . (မသိပါဘုရား)၊ အနီနဲ့ အဝါပဲ ထည့်ချင် တာထည့်ကြ. . .၊ ရိပ်မိမလား. . . (ရိပ်မိပါတယ်ဘုရား)။

ကိလေသာဘက် ထည့်မှာပါပဲ ခင်ဗျားတို့၊ ဒီဘက်ပဲ ရောက်မှာပါပဲ မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား) ကိလေသာဘက် ထည့်ရုံပဲရှိမှာပဲ ဒကာဒကာမတို့။

## ကိလေသာကတော့ငယ်ပေါင်း

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့သည် ကိလေသာကတော့ဖြင့် ငယ်ပေါင်းဖြစ်ခဲ့တယ်. . . သဘောကျပလား. . . (ကျပါတယ်ဘုရား)။

မဂ်က အခု ဆရာသမားပေးမှ အခုမှစပြီး မိတ်ဆက်ခါရှိသေးတယ်. . . ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)၊ ခုမှ မိတ်ဆက်တဲ့ တရားဆိုတော့ မဂ်မငဲ့နိုင်ဘူး လာအုံးမှာပဲ ငယ်ပေါင်းဘာဖြစ်ရတုံး. . . (ငဲ့ရပါတယ်ဘုရား)။

ငယ်ပေါင်းငဲ့ရမယ်ဆိုတည်းကိုက ဒကာဒကာမတို့ ငယ်ပေါင်းငဲ့လို့ရှိရင်ဖြင့် ခင်ဗျားတို့ ကိုယ်ကျိုးနည်းမယ်. . .

ငယ်ပေါင်းငဲ့လို့ရှိရင်ဖြင့် ငယ်နေရာ ပြန်ရောက်လိမ့်မယ် အပါယ်လေးပါးကို. . . မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား) အင်မတန် မဆိုးရွားဘူးလား. . . (ဆိုးရွားပါတယ်ဘုရား)။

## ငယ်ပေါင်းကြောင့် စိတ်ထောင်းလို့ကိုယ်ကြေခဲ့ရ

အဲဒါကြောင့် အခုမှ ဖြစ်တဲ့မိတ်ဆွေကို အသိအမှတ်ပြုပါ၊ ငယ်ပေါင်းကြောင့် ခင်ဗျားတို့ စိတ်ထောင်းလို့ ကိုယ်ကြေခဲ့တာတွေ မနည်းပါဘူး. . . ။

အကုန်သူ့ဓာတ်ကြော မသိသေးဘူးလား. . . (သိပါတယ်ဘုရား) အဟုတ်ကိုသိပြီမဟုတ်လား. . . (သိပါပြီဘုရား)။ သူ့ ဓာတ်ကြောသိလို့ရှိရင် ရှောင်ဖြစ်အောင် ရှောင် မှရမယ်. . . ၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကဲ-အိုခြင်းဆိုး ဘယ်သူပေးတာတုံး၊ သမုဒယ ပေးတာ. . . နာခြင်းဆိုး ဘယ်သူပေးတာတုံး. . . မျက်ရည်ကျအောင် ဘယ်သူပေးတာတုံး. . . (သမုဒယပေးတာပါဘုရား)။

ကဲ-လဲအောင် ကွဲအောင် ဘယ်သူက အကျိုးပေးတာတုံး၊ သမုဒယချည်းပဲ သူ့ကြောင့် မြန်မြန်သွားရလို့ လဲလိုက်ချော်လိုက် ကျိုးလှပြီဗျာ့၊ သူ့ကြောင့် ပြေးလွှားရတော့လဲ မောလှပြီ။

အဲဒါတွေ သူ့ကြောင့်ချည်းပဲ၊ လူက သိပ်မသွားနိုင်ဘူး သမုဒယက မြန်မြန်သွားမှတဲ့. . . အားအင်ကို မချိ မ မ, နိုင်သူ့ကို မြန်မြန်သွားခိုင်းနေတာ လဲရုံရှိမှာပဲဗျာ့။

အဲဒီလောက် ဆိုးရွားတဲ့ သမုဒယ ခင်ဗျားတို့ကိုကောင်းတာဆိုးတာ ငဲ့သေးရဲ့လား. . (မငဲ့ပါဘုရား) ကောင်းတာ ဆိုးတာ

ခင်ဗျား ကြည့်မကောင်းတာ ကောင်းတာ လိုရင်းမဟုတ်. . . ။

သူခိုင်းလို့ရဖို့ အလုပ်သာ ခင်ဗျားတို့၏ ဝတ္တရား. . . ခင်ဗျားတို့ကတော့ ခိုင်းတာ ကျွန်တော်မျိုးပီပီ အကုန်လုပ်တာပဲ၊ သားလေးမွေးလာလဲ ငါ့တာဝန်. . . ။

သမီးလေး မွေးလာတော့. . . (ငါ့တာဝန်) မြေးလေး မွေးလာရင်တော့. . . (ငါ့တာဝန်) သူနဲ့ပတ်သက်ပြီး ကြည့်ပြီး အိမ်ထောင်ရက်သားတွေကော. . . (ငါ့တာဝန်) လွန်လွန်း တယ်ခင်ဗျားတို့ ခေတ်ကြောက ကြီးကျယ်လွန်းတယ်. . . ။

ပို ပိုနိုင်လွန်းတယ် အဓိပ္ပါယ်က ဒီမရောက်ဘူးလား. . (ရောက်ပါတယ်ဘုရား) အဲဒီလောက် မဆိုးရွားဘူးလား. . (ဆိုးရွားပါတယ်ဘုရား)။

အဲဒီတော့ ဒကာဒကာမတို့ သူက ကန့်ကွက်တာချည်း မှတ်. . . တကယ်လို့ နိဗ္ဗာန် အဖြောင့်သွားမယ့်ဥစ္စာ၊ ဒီဝန်ကြီး သမားက ရောက်နိုင်ပါ့မလား. . . (မရောက်နိုင်ပါဘုရား)။

ကျုပ်ဟာ ခင်ဗျားလို တစ်ကိုယ်ရေ တစ်ကာယသမားဆို သွားမလို့ သူပြောသား အခုတော့ အဆွယ်တွေ အပွားတွေက မဆုတ်သာ မတက်သာ ဖြစ်နေတော့ သမုဒယ ချောင်ကုတ် ပေါ်လာတာပဲ. . . မပေါ်လာဘူးလား. . . (ပေါ်လာပါ တယ်ဘုရား)။

ပြီးတော့လဲ ဒီသမုဒယကြောင့် ခေါ်မယ့်ခေါ်နေတာ၊ ဒီသမုဒယတွေကို သွားချင်လို့ ပြောတာလား၊ မသွားချင်လို့

ပြောတာလားဆိုတာ ကိုယ့်ဟာကိုယ် တွေးအုံး. . (မှန်ပါ့ဘုရား)။

ဦးဘအုန်း ဘယ့်နှယ်ဆိုမယ် မသွားချင်လို့ ပြောတာဗျ ရိပ်မိပလား. . (ရိပ်မိပါပြီဘုရား) သွားချင်တဲ့ ပုဂ္ဂိုလ်က တိတ်တိတ်ထွက်တယ် အောက်မေ့ပါ. . . (မှန်ပါ့ဘုရား)။

မသွားချင်တဲ့ပုဂ္ဂိုလ်က ညည်းလုံး ထုတ်နေတာ. . . ရိပ်မိပလား. . (ရိပ်မိပါပြီဘုရား)။

ညည်းလုံးထုတ်နေရင် ဘယ့်နှယ်တုံး. . . (မသွားချင်လို့ပါဘုရား)။ သွားချင်တဲ့ပုဂ္ဂိုလ်က ဘယ်လို သွားလေ့ရှိသတုံး. . . (တိတ်တိတ်ထွက်သွားလေ့ရှိပါတယ်ဘုရား)။

အင်း-အဲဒီတိတ်တိတ် ထွက်သွားမယ့် ပုဂ္ဂိုလ် လူ-မပါဘူး. . . (မှန်ပါ့ဘုရား) မောင်းတီးချင်သေးတာချည်းပဲ ဦးခင်မောင် သဘောပါပလား။

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ နိဗ္ဗာန် ဝေးလို့လား. . နီးလို့လား . . . (နီးပါတယ်ဘုရား)၊ ဘယ့်နှယ်ကြောင့် မရောက်သတုံး. . . (အကောက်တရားပါနေလို့ပါဘုရား)။

အကောက်တရားပါနေလို့. . . အကောက်တရား ဘယ်သူပါလိမ့်. . . (ကိလေသာပါဘုရား)၊ ကိလေသာ ဘယ်နှစ်ပါးပါလိမ့်. . . (ဆယ်ပါးပါဘုရား)။

အမယ်လေး ဒကာ ဒကာမတို့ သွားတဲ့သူက တစ်ယောက်တည်း တားတဲ့သူကဆယ်ယောက်. . . သွားတဲ့

သူက. . . (တစ်ယောက်ပါဘုရား) အင်း-တားမြစ်တဲ့သူက. . (ဆယ်ယောက်ပါဘုရား) ရောက်မှ ရောက်ပါ့မလား. . . (မရောက်ပါဘုရား)။

မရောက်နိုင်ဘူး၊ ခင်ဗျားတို့ အတော်ကို ဆိုးပါပေါ့ လား သို့သော်လဲတဲ့ ကိုယ့်အကြောင်းကို ကိုယ်သိပြီး သကာလ မင်းတို့ဘယ်လိုတားငြားသော်လည်း မင်းတို့သည်ကား ဆိုလို့ ရှိရင် တစ်သံသရာလုံး မင်းတားမှာ မရောက်ဘူးတဲ့ နေရာမရှိ အရိုးတောင်လိုလဲ ပုံခဲ့ပါပြီကွာ တော်ပါပြီတန်ပါပြီလို့ ရန်ဖြစ် ကြ. . . မဖြစ်ထိုက်ဘူးလားဗျာ. . . (ဖြစ်ထိုက်ပါတယ်ဘုရား)။

## ကိလေသာနဲ့ ရန်ဖြစ်နိုင်မှ

ဒါဖြင့် ဒကာဒကာမတို့ ကိလေသာနှင့် ရန်ဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရောက်မယ်. . . ဘာတဲ့တုံး. . . (ကိလေ သာနဲ့ ရန်ဖြစ်နိုင်တဲ့ ပုဂ္ဂိုလ် နိဗ္ဗာန်ရောက်ပါမယ် ဘုရား)။ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ပဋိဝိဇ္ဇာ တဏှာဇာနတော၊ ပဋိဝိဇ္ဇာ-ထိုးထွင်း၍ တဏှာ-တဏှာကို ဇာနတော-သိသဖြင့်၊ ရန်ဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ ကိစ္စနံ-ကြောင့်ကြခြင်းကင်းသော နိဗ္ဗာန်ကို လဗ္ဘတိ ရနိုင်၏။ ကိလေသာနဲ့ ရန်ဖြစ်ပေးစမ်းပါကွာ. . . သူ့ရန်ဖြစ်ပေးရင် ဘာတဲ့တုံး. . . (နိဗ္ဗာန်ရောက်နိုင်ပါတယ် ဘုရား)။

ခင်ဗျားတို့က ရန်မှမဖြစ်ဘဲ ခင်စရာရှိ ခင်ရမှာပဲတဲ့ ဒီလိုလာတာ ခင်စရာရှိ မုန်းရမှာပဲလို့ လာရဲ့လား. . . (မလာပါဘုရား)။

ဖြစ်မှဖြစ်ရလေတယ် ဒီအသံ ဘယ်တော့မှ မသုံးဖူးဘူး သုံးဖူးကြရဲ့လား. . . (မသုံးဘူးပါဘုရား) ကျုပ်တို့က ခင်တတ်တယ်သာပြော ကျုပ်တို့က မုန်းတာတွေလို့ သုံးဖူးကြရဲ့လား. . (မသုံးဘူးပါ)။

မသုံးဘူးပါဘူးတဲ့ ကိုယ့်စီးပွားရေး ကြွေးရှင် သားတွေ သမီးတွေကျလို့ရှိရင်ဖြင့် ဝမ်းထဲကခင် အပြင်ဘက်က ဟန်လုပ်ကြသော်လဲ အခင်မှမပျက်ဘဲ. . . အတော်မဆိုး ဘူးလား. . . (ဆိုးပါတယ်ဘုရား)၊ ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်ကိလေသာအကြောင်း ကောင်းကောင်းသိရင် နိဗ္ဗာန်ရောက်တယ်ကွလို့ ဘုရားက ဒီနေရာလဲ ဟောသေးတာပဲ. . . ။

ဒုက္ခသ နတံနာမဆိုပြီး က္ကတိဝုတ်ပါဠိတော်မှာ သေချာဟောထားတယ် နဟိသစ္စံ သုဒုဒ္ဒတံ ပဋိဝိဇ္ဈ တဏှာဇာနတော ပဿတော နတ္ထိ ကိဉ္စနံ ဆိုတာဟာ နိဗ္ဗာန် ရောက်တဲ့ ဂါထာဗျာ. . . (မှန်ပါ့)။

နိဗ္ဗာန်ကို ဟောတဲ့ ဂါထာ. . . တဏှာအကြောင်း

ကောင်းကောင်းသိရင် နိဗ္ဗာန်ရောက်တယ်ကွ . . . (မှန်ပါ့) ရောက်ပေမှာပဲ ဒကာဒကာမတို့။

သူက တားလိုက်၊ ဖြစ်ပျက်ရှုလိုက်၊ သူကတားလိုက် ဖြစ်ပျက်ရှုလိုက်၊ တစ်နေ့ သူဘယ်နှစ်ကြိမ် တားမတုံး. . . (အကြိမ်များများ တားပါတယ်ဘုရား) အကြိမ်များစွာ တားလို့ ရှိရင် ကျုပ်တို့က ဖြစ်ပျက်ရှုပေါင်း ဘယ်လောက်ရမတုံး. . . (အကြိမ်မရေမတွက်နိုင်ပါဘူးဘုရား)။

အကြိမ်များစွာ ရလို့ရှိရင် ကျုပ်တို့မဂ် မဆိုက်ထိုက် ဘူးလား . . . (ဆိုက်ထိုက်ပါတယ်ဘုရား)၊ ဦးခင်မောင် ဘယ့်နှယ်တုံး . . . (ဆိုက်ထိုက်ပါတယ်ဘုရား)။

ဒါဖြင့် တဏှာအကြောင်းကောင်းကောင်းသိရင် နိဗ္ဗာန် ရောက်တယ်ဆိုတာများ ဘုရားဟောတာ မှားသေးလား. . . (မမှားပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့က သူကကောက်ကျစ်ပေမယ့် ကောက် ကျစ်တဲ့ဟာ လာတိုင်းလာတိုင်း ကျုပ်တို့က ဖြစ်ပျက်ရှု ထွက် ရမယ်. . . (မှန်ပါ့)။

သဘောကျပလား. . . (ကျပါပြီဘုရား) သူကတော့ ကောက်ကျစ်မှာပဲနော်. . . (မှန်ပါ့)၊ ကောက်ကျစ်တိုင်း ကောက် ကျစ်တိုင်း . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

## ပေါ်လာတဲ့တရားဖြစ်ပျက်ရှု

အဲ-ကောက်ကျစ်တိုင်းဆိုတာ သူပေါ်လာရင် ကောက်ကျစ်မလို့သာ မှတ်ပေတော့. . . အဲ-ပေါ်လာတဲ့တရား ဖြစ်ပျက်ရှုလိုက်တော့ သူပဋိစ္စသမုပ္ပါဒ်အစပဲ။

ဦးဘအုန်း ဘာတဲ့တုံး. . . (ပဋိစ္စသမုပ္ပါဒ် အစပါဘုရား)။ ပဋိစ္စသမုပ္ပါဒ်အစကို ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်ရင်ဖြင့် ရှုလိုက်, ရှုလိုက်ပါတော့။

သူကဖြစ်ပျက်, ရှုတာမဂ်၊ မဂ္ဂင်က ဖြောင့်သွားတယ်၊ ဖြစ်ပျက်ဆိုရင် . . . (မဂ္ဂင်က ဖြောင့်သွားတာပါဘုရား)၊ ရှုတဲ့မဂ္ဂင်က ဖြောင့်သွား. . .။ ကန့်ကွက်တာလားကျုပ်တို့က တိုးထွက်တာလား . . . (တိုးထွက်တာပါဘုရား)၊ ဟ-တိုးထွက်ရင်ဖြင့် ဒါ အနီးလေးပဲ၊ ရောက်တော့မှာပေါ့. . . တိုးထွက်ရင် အနီးလေး ရောက်တော့မှာပဲဆိုရင်. . .။

ဝိပဿနာဘက်က ရှင်းပြီးသား၊ ကိလေသာလာတိုင်းရှုပြီး ထွက်လို့ရှိရင်ဖြင့် တစ်ခါတည်း နိဗ္ဗာန်ဆိုတဲ့ဉစ္စာကို မဂ်ဉာဏ်အဆင့်နဲ့ သေသေချာချာရောက်မယ်ဆိုတဲ့ဉစ္စာ၊ ယနေ့ စခန်းသတ်တယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။။

ကဲ ဒီနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။